# ရောဝတီဘဏ်အကြွေးဝယ်ကတ် (Credit Card) သုံးစွဲမှုဆိုင်ရာလိုက်နာရန် စည်းကမ်း သတ်မှတ်ချက်များ

ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် သည် အများပြည်သူများ ငွေပေးချေမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျှင်မြန်စွာဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်မှချမှတ်ထားသော ငွေသားမဲ့လူ့အဖွဲ့အစည်း (Cashless Society)နှင့် ဒီဂျစ်တယ်ငွေပေးချေမှုများ တိုးတက်လာစေရန်အတွက် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်လျှက်ရှိသော Customer များအား အကြွေးဝယ်ကတ် (Credit Card) ဝန်ဆောင်မှုအား ပေးအပ်လျှက်ရှိပါသည်။ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ အကြွေးဝယ်ကတ် (Credit Card) များအား ကိုင်ဆောင်အသုံးပြုသူများအနေဖြင့် အောက်တွင် ဖော်ပြထားသော အကြွေးဝယ်ကတ် (Credit Card) သုံးစွဲမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအား အတိအကျလိုက်နာကြရန် ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ထုတ်ပြန်ပြဋ္ဌာန်းလိုက်ပါသည်။ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ Credit Card ဝန်ဆောင်မှုများအားတောင်းခံခြင်း သို့မဟုတ် အသုံးပြုခြင်း သို့မဟုတ် ယင်းဝန်ဆောင်မှုများအား တောင်းခံသူကိုယ်စား အခြားသူတစ်ဦးဦးက အသုံးပြုစေရန်ခွင့်ပြုခြင်း များသည် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်ဖြစ်ပြီး ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ အကြွေးဝယ်ကတ် (Credit Card) ကိုင်ဆောင်အသုံးပြုသူသည် ဤစည်းကမ်းသတ်မှတ်ချက်များကို အသိအမှတ်ပြု လက်ခံသဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူမည်ဖြစ်သည်။

## ၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁.၁။ **"သင်"** ၊ **"သင်၏"** **နှင့်** **"ကတ်ကိုင်ဆောင်သူ"** ဟူသောစကားရပ်သည် ကတ်ပေါ်တွင်ရေးထိုးထားသော ပုဂ္ဂိုလ်အမည်ကို ရည်ညွှန်း၍ **"ကျွန်ုပ်"၊ "ကျွန်ုပ်တို့" နှင့် ကျွန်ုပ်တို့၏"** ဟူသော စကားရပ်သည် ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် နှင့် ၎င်းဘဏ်ကို ဆက်ခံသူများ၊ အခွင့်အာဏာပေးအပ်ထားသူများကို ရည်ညွှန်းသည်။

၁.၂။ **"ဘဏ်"** ဆိုသည်မှာ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် နှင့် အနာဂတ်တွင် ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှတည်ထောင်မည့် ဘဏ်ခွဲများ အပါအဝင် ယခုလက်ရှိဖွင့်လှစ်ထားသောဘဏ်ခွဲများအားလုံးကို ဆိုလိုသည်။

၁.၃။ **"စာရင်း"** ဆိုသည်မှာ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် တွင်ရှိသော ယခု သို့မဟုတ်နောင်အခါတွင်ကတ်ကိုင်ဆောင်သူကပိုင်ဆိုင်သောစာရင်းနှင့်ဝန်ဆောင်မှုများအတွက်အသုံးပြုသည့် မည်သည့်စာရင်းကိုမဆို ရည်ညွှန်းပြီး စာရင်းသည် တစ်ဦး တစ်ယောက်ချင်း အလိုက်ဖွင့် ထားသည်ဖြစ်စေ အစုစပ်ဖွင့်ထားသည်ဖြစ်စေ ၎င်းမှ ဘဏ္ဍာငွေများကို ဝန်ဆောင်မှု အသုံးပြုရန် အတွက် တောင်းခံနိုင်သည်။

၁.၄။ **"ATM"** ဆိုသည်မှာ အလိုအလျောက်ငွေထုတ်ပေးသည့်စက် သို့မဟုတ် ကတ်ကိုလက်ခံသော ကတ်ဖြင့် လည်ပတ်သည့် စက်ကို ဆိုလိုသည်။

၁.၅။ **"ခွင့်ပြုထားသည့်ပုဂ္ဂိုလ်"** ဆိုသည်မှာ ညွှန်ကြားချက်များပေးရန်၊ စာရွက်စာတမ်းများကို စီမံရန် သို့မဟုတ် လက်မှတ်ထိုးရန် သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ ကတ်စာရင်းကိုစီမံရန် ကတ်ကိုင်ဆောင်သူအတွက် သို့မဟုတ် ကတ်ကိုင်ဆောင်သူကိုယ်စားလုပ်ဆောင်ရန်အတွက် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှအတည်ပြုထားသည့် ကတ်ကိုင်ဆောင်သူမှ အပ်နှင်းထားသော (တစ်ဦးတည်းဖြစ်စေ၊ အခြားပုဂ္ဂိုလ်/ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ဖြစ်စေ) ပုဂ္ဂိုလ်ကို ဆိုလိုသည်။

၁.၆။ **"ဧရာဝတီဘဏ်ကတ်ဌာန"** ဆိုသည်မှာ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှ ကတ်နှင့်ပတ်သက်သောလုပ်ငန်းများ (Credit Card, Debit Card, Prepaid Card) အား ဆောင်ရွက်ရန် ဘဏ်မှတာဝန်အပ်နှင်းထားသည့်ဌာနဖြစ်ပြီး ယေဘုယျအားဖြင့် ကတ်ဝန်ဆောင်မှုများအတွက် လုပ်ငန်း တစ်ခုချင်း အလိုက် အဖိုးအခရယူသည်။

၁.၇။ **"အလုပ်ဖွင့်ရက်"** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ် ပိတ်ရက်မဟုတ်သည့် နေ့ရက်များကိုဆိုလိုခြင်းဖြစ်သည်။

၁.၈။ **"ကတ်"** ဆိုသည်မှာ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှ ထုတ်ဝေထားသည့် (Credit Card, Debit Card, Prepaid Card, Digital Card) များ နှင့် နောင်တွင်ထုတ်ဝေမည့် ကတ်အမျိုးအစား အားလုံးကိုရည်ညွှန်းသည်။

၁.၉။ **"ကတ်ကိုင်ဆောင်သူ"** ဆိုသည်မှာ ကတ်ကို အသုံးပြုရန် အခွင့်ရှိသည့် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ အဖွဲ့ဝင်အဖြစ်အတည်ပြုထားသည့်လျှောက်ထားသူနှင့် ကတ်ကို အသုံးပြုရန် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် မှ အတည်ပြုထားသော လျှောက်ထားသူမှ သတ်မှတ် ထားသည့် ပုဂ္ဂိုလ်ကို ဆိုလိုသည်။

၁.၁၀။ **"ဗဟိုဘဏ်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုလိုခြင်း ဖြစ်သည်။

၁.၁၁။ **"ကုန်ကျစရိတ်များ"** ဆိုသည်မှာ (အပြည့်အဝ လျော်ကြေးငွေကိုအခြေခံ၍) တရားရေးရာကုန်ကျစရိတ်များ အပါအဝင် အခြားကုန်ကျစရိတ်များ၊ အဖိုးအခများနှင့် အသုံးစရိတ်များပါဝင်သည်။

၁.၁၂။ **"ချေးငွေကန့်သတ်ချက်"** ဆိုသည်မှာ ကတ်စာရင်းတစ်ခုတွင် ကတ်ကိုင်ဆောင်သူမှ ချေးငွေယူခွင့်ရှိသော စုစုပေါင်းအများဆုံး ပမာဏကို ဆိုလိုသည်။

၁.၁၃။ **"ငွေသားကြိုတင်ထုတ်ယူမှု"** ဆိုသည်မှာ ငွေသားထုတ်ယူမှု၊ ခရီးသွားချက်လက်မှတ် သို့မဟုတ် နိုင်ငံခြားငွေကြေးဝယ်ယူမှု၊ ငွေလွှဲပြောင်းစာ သို့မဟုတ် တောင်းခံသည့်အချိန် ငွေလွှဲပေးခြင်းတို့ကို ဆိုလိုသည်။

၁.၁၄။ **"အဖိုးအခနှင့် ဝန်ဆောင်ခ လမ်းညွှန်"** ဆိုသည်မှာ ကတ်စာရင်းနှင့် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် website တွင်ဖော်ပြထားသည့်ကတ်များကိုအသုံးပြုသည့်အတွက် ကျသင့်သည့် အဖိုးအခနှင့်ဝန်ဆောင်ခများကို ဆိုလိုသည်။

၁.၁၅။ **"ပေးရန်တာဝန်"** ဆိုသည်မှာ အမှန်တကယ်ဖြစ်စေ အလားအလာရှိသည်ဖြစ်စေ၊ ဦးစားပေးဖြစ်စေ၊ အပေါင်ပစ္စည်းဖြင့်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အစုစပ်ဖြစ်စေ ကတ်ကိုင်ဆောင်သူက ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကိုယခု သို့မဟုတ်အနာဂတ်တွင်ပေးရမည့်အကြွေးများ၊ပေးဆပ်ရန်တာဝန်များ သို့မဟုတ် တာဝန်ဝတ္တရားများကို ဆိုလိုသည်။

၁.၁၆။ **"ဆုံးရှုံးမှုတွင်"** တောင်းဆိုမှုများ၊ တရားစွဲဆိုမှုများ၊ ဆုံးရှုံးမှုများ၊ ပျက်စီးမှုများ ၊ ပေးဆပ်ရန်တာဝန်များနှင့် ကုန်ကျ စရိတ်မျိုးစုံပါဝင်သည်။

၁.၁၇။ **"မိုဘိုင်းဝန်ဆောင်မှုများ"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ၏ စာရင်း သို့မဟုတ် ဘဏ်/ကို ကိုင်တွယ်ဆောင်ရွက်နိုင်ရန် နှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် နှင့်/ သို့မဟုတ် အခြားလုပ်ငန်းများကို အီလက်ထရောနစ်နည်းဖြင့် လုပ်ဆောင်နိုင်စေသည့် မိုဘိုင်းအသုံးအဆောင်များ ကြားခံဖြင့် အခါအားလျော်စွာ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်ပေးသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုနှင့်ထုတ်ကုန်များကိုဆိုလိုသည်။

၁.၁၈။ "**မြန်မာကျပ်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တရားဝင်အသုံးပြုသော ငွေကြေးကို ဆိုလိုသည်။

၁.၁၉။ **"အကြွေးတင်နေသော စာရင်းလက်ကျန်"** ဆိုသည်မှာ သတ်မှတ်ထားသည့်နေ့စွဲ၌ ပေးဆပ်ရန် အကြွေးတင်နေသော ငွေပမာဏကို ဆိုလိုသည်။ ကုမ္ပဏီများအနေဖြင့် ပိတ်သိမ်းမှုနောက်ကျသည့် တစ်နေ့ချင်းစီအတွက် နောက်ထပ် အချိန်စေ့သော အတိုးနှုန်းများကို နေ့စဉ်စုဆောင်းမှုနှင့်အတူ ခန့်မှန်း တွက်ချက်ထားသောပိတ်သိမ်းသည့်နေ့၌ ရောင်းချထားသည့် ပစ္စည်းအာမခံအတွက် အကြွေးတင်သော စာရင်းကို ရယူမည်ဖြစ်သည်။

၁.၂၀။ **"ကိုယ်ပိုင်သုံး (သို့) ပုဂ္ဂိုလ်ရေးဆိုင်ရာအင်တာနက်ဘဏ်လုပ်ငန်း"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ၏ စာရင်း(များ)ကို ကိုင်တွယ်ဆောင်ရွက် နိုင်ရန်သော်လည်းကောင်း ဘဏ်လုပ်ငန်း အကောင်အထည် ဖော်နိုင်ရန် သော်လည်းကောင်း ၊ အခြားလုပ်ငန်းများကို အီလက်ထရောနစ်နည်းဖြင့် လုပ်ဆောင်နိုင်စေသည့် အသုံးအဆောင် ပစ္စည်းများဖြင့် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ ဆောင်ရွက် ပေးသော ကိုယ်ပိုင်သုံး(သို့)ပုဂ္ဂိုလ်ရေးဆိုင်ရာ အင်တာနက် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုသော် လည်းကောင်း ထုတ်ကုန်များကို ဆိုလိုသည်။

၁.၂၁။ **"PIN"** ဆိုသည်မှာ ကတ်နှင့်အသုံးပြုရန်အတွက် ပေးထားသော ကိုယ်ပိုင်လျှို့ဝှက်နံပါတ် ကို ဆိုလိုသည်။

၁.၂၂။ **"မူလကတ်အဖွဲ့ဝင်"** ဆိုသည်မှာ ကတ်စာရင်း ၏ အဓိကကတ်အဖွဲ့ဝင်ကို ဆိုလိုသည်။

၁.၂၃။ **"ဝယ်ယူမှု"** ဆိုသည်မှာ လုပ်ငန်းကိစ္စတစ်ခုကိုဆိုလိုပြီး ၎င်းအောက်တွင် ကတ်သို့မဟုတ် နံပါတ် အသုံးပြုမှုဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ပေးချေမှုပြုလုပ်သည်။

၁.၂၄။ **"ဝန်ဆောင်မှုများ"** ဆိုသည်မှာ ATM ကတ်ဝန်ဆောင်မှုများ၊ CALL CENTER ဝန်ဆောင်မှုများ၊ အီလက်ထရောနစ် သို့မဟုတ် ကိုယ်ပိုင်သုံး အင်တာနက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ သို့မဟုတ် မိုဘိုင်း ဝန်ဆောင်မှုများအထိ အကန့်အသတ်မထားဘဲ ယခု သို့မဟုတ် နောင်အခါတွင် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှ ကတ်ကိုင်ဆောင်သူကို ဆောင်ရွက်ပေးနိုင်သော မည်သည့် ဝန်ဆောင်မှုကိုမဆို ရည်ညွှန်းသည်။

၁.၂၅။ **"ဆင့်ပွားကတ်"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ၏ ကတ်စာရင်းတွင် နောက်ဆက်တွဲကတ်နံပါတ် အဖြစ် ကတ်ကိုင်ဆောင်သူမှခွင့်ပြုထားပြီး ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် က အတည်ပြုထားသော ပုဂ္ဂိုလ်ကိုထုတ်ပေးသည့် ကတ်ကို ဆိုလိုသည်။

၁.၂၆။ **"အသုံးပြုသူလမ်းညွှန်"** ဆိုသည်မှာ ကတ်များအသုံးပြုပုံကို အသေးစိတ်ရှင်းပြထားသည့် လမ်းညွှန်စာအုပ်ကို ဆိုလို သည်။

၁.၂၇။ **"Website"** ဆိုသည်မှာ **www.ayabank.com** လိပ်စာရှိ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ **website** ကို ဆိုလိုသည်။

၁.၂၈။ **"MPU"** ဆိုသည်မှာ **Myanmar Payment Union** ကိုဆိုလိုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တည်ဆဲဥပဒေအရမြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အုပ်ချုပ်မှုအောက်၌ဖွဲ့စည်းထားပြီးရုံးချုပ်မှာ အမှတ်(၂၆/က) စက်မှုလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

## ၂။ စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

၂.၁။ ဤနေရာ (ဤသဘောတူစာချုပ်) တွင်ထည့်သွင်းထားသော စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များသည် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှ ကတ်ကိုင်ဆောင်သူကို အခါအားလျော်စွာ ထုတ်ပေးနိုင်သည့် ကတ်များနှင့်သက်ဆိုင်သည်။

၂.၂။ ကတ်အမျိုးအစားတစ်ခုချင်းစီတွင်၎င်း၏ကိုယ်ပိုင်နောက်ဆက်တွဲစည်းမျဉ်းစည်းကမ်းများပါဝင်သည်။ သက်ဆိုင်ရာကတ်တစ်ကတ်၏ နောက်ဆက်တွဲ စည်းမျဉ်းစည်းကမ်းများဖြင့် တိကျစွာပယ်ဖျက်ခြင်း သို့မဟုတ် ၎င်းတို့နှင့်ကိုက်ညီခြင်းမရှိပါကဤသဘောတူစာချုပ်ပါဝေါဟာရများသည်အဆိုပါကတ်အတွက် သက်ဆိုင်ခြင်းမရှိစေရ။

၂.၃။ ကတ်ကိုအသုံးပြုခြင်းဖြင့်ကတ်ကိုင်ဆောင်သူအနေဖြင့်စည်းမျဉ်းစည်းကမ်းအားလုံးကိုဖတ်ရှုနားလည်လက်ခံပြီးဟု မှတ်ယူသောကြောင့် ဤသဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို အချိန်တိုင်း လိုက်နာရန်ကတ်ကိုင်ဆောင်သူက သဘောတူသည်။

ဤသဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့် ၎င်းတို့၏ပြင်ဆင်ချက်များသည်

၂.၃.၁။ ကတ်ကိုင်ဆောင်သူအား ထုတ်ပေးပြီးဖြစ်သည့် ကတ်အားလုံးအပေါ်တွင်လည်းကောင်း

၂.၃.၂။ အခါအားလျော်စွာ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ ဝန်ဆောင်မှုပေးမည့် ကတ်အားလုံးအပေါ်တွင်လည်းကောင်း

၂.၃.၃။ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ထံမှ ကတ်နှင့် ဝန်ဆောင်မှုများကို ကတ်ကိုင်ဆောင်သူကအသုံးပြုမည့်အခါတိုင်းပေါ်တွင်လည်းကောင်း သက်ရောက် မှုရှိမည် ဖြစ်သည်။

## ၃။ ကတ်

### ၃.၁။ အကြွေးဝယ်ကတ်အသုံးပြုရန်ခွင့်ပြုခြင်း

ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ဘဏ်တွင်အကြွေးဝယ်ကတ် လာရောက် လျှောက်ထားသည့် လျှောက်ထားသူ၏ အချက်အလက်များ ကျေနပ်မှန်ကန်၍ဖြစ်စေ၊ လျှောက်ထားသူ၏ ငွေစုစာရင်း၌ ဘဏ်မှသတ်မှတ်ထားသော အနည်းဆုံးလက်ကျန်ငွေအရဖြစ်စေ အကြွေးဝယ်ကတ်အား ခွင့်ပြု ပေးနိုင်သည်။ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ကတ်အသစ်ထုတ်ပေးခြင်းနှင့် ကတ်သက်တမ်းတိုးခြင်းတို့ကိုအကြောင်းတစ်စုံတစ်ရာရှင်းလင်းရန်မလိုဘဲဆုံးဖြတ်ခွင့်၊ငြင်းပယ်ခွင့်ရှိသည်။

### ၃.၂။ ကတ်နှင့် PIN နံပါတ်ထုတ်ပေးခြင်း

ကတ်လျှောက်ထားသူ၏ ကတ်လျှောက်လွှာအား ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က စစ်ဆေးခွင့်ပြု အတည်ပြုပြီး၍ ဆက်သွယ်လာသည့်အချိန်တွင် ကတ်လျှောက်ထားသူမှ ကတ် နှင့် PIN နံပါတ်အား သက်ဆိုင်ရာဘဏ်ခွဲတွင် လူကိုယ်တိုင်သွားရောက်ထုတ်ယူနိုင်ပြီ ဖြစ်ပါသည်။ ကတ် သို့မဟုတ် PIN နံပါတ်အားထုတ်ယူပြီးခြင်း သို့မဟုတ် ပေးပို့ခြင်းများပြုလုပ်ပြီး နောက်ပိုင်းတွင် ကတ်နှင့်ပတ်သက်၍ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် တွင်တာဝန် မရှိစေရ။

### ၃.၃။ လက်မှတ်

ကတ်ကိုင်ဆောင်သူသည် ၎င်း၏ကတ်ကို ရရှိပြီးသည်နှင့် ကတ်နောက်ကျောတွင် ချက်ခြင်းလက်မှတ် ရေးထိုးရမည်။

### ၃.၄။ အကြွေးဝယ်ခွင့်ပမာဏ

အကြွေးဝယ်ကတ်၏ အကြွေးဝယ်ခွင့်ပမာဏ (Credit Limit) သည် ဘဏ်မှခွင့်ပြု သတ်မှတ်ထားသည့် ငွေပမာဏဖြစ်ပြီး ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ဘဏ်မှပြောင်းလဲနိုင်သည်။

### ၃.၅။ နိုင်ငံခြားငွေကြေးဖြင့် Transaction ပြုလုပ်မည့်ငွေကြေးပြောင်းလဲခြင်း စနစ်

International Transaction Fee (Mark Up Fee) သည် အသုံးပြုလိုက်သည့် ငွေကြေးအမျိုးအစား သို့မဟုတ် နိုင်ငံခြားငွေဖြင့်အသုံးပြုလိုက်သည့် ငွေပေးချေမှုများ၌ ဖြစ်ပေါ်လျှက်ရှိသော ငွေလဲလှယ်နှုန်းထားများပေါ်တွင် ငွေကြေးအဖွဲ့အစည်းများမှ သတ်မှတ်သည့် ငွေကြေးပြောင်းလဲခြင်း လွှမ်းမိုးကြေး (Prevailing Fee) နှင့်

ဘဏ်မှသတ်မှတ်သည့် ငွေကြေး ပြောင်းလဲခြင်း လွှမ်းမိုးကြေး (Currency Conversion Fee) အား စျေးကွက် အခြေအနေပေါ်မူတည်၍ လိုအပ်သလို ပြောင်းလဲ သတ်မှတ်သွားမည် ဖြစ်သည်။

၃.၆။ **ကတ်သည် ဘဏ်၏ ပိုင်ဆိုင်ပစ္စည်းဖြစ်သည်**

ကတ်သည် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ပိုင်ဆိုင်မှုအဖြစ် ဆက်လက်ကျန်ရှိသည်။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကိုလွှဲပြောင်းပေးခြင်း သို့မဟုတ် ထိန်းသိမ်းမှုကင်းမဲ့ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုမရှိတော့ခြင်းတို့မဖြစ်စေရ။ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ကတ်ကိုပြန်ပေးရန် တောင်းဆိုသောအခါ ကတ်ကိုင်ဆောင်သူအနေဖြင့် (ကတ်ကိုင်ဆောင်သူကာကွယ်မှုအတွက်) ကတ်ကိုချက်ချင်း တစ်ပိုင်းဖြတ်၍ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် သို့ ပြန်လည်ပေးအပ်ရပါမည်။

## ၄။ ကတ်ကိုင်ဆောင်သူ၏ ပေးရန်တာဝန်နှင့် တာဝန်ဝတ္တရားများ

၄.၁။ ကတ်ကိုင်ဆောင်သူတစ်ဦးတည်းသာလျှင်ခွင့်ပြုထားသည့်ကတ်ဖြင့်လုပ်ငန်းကိစ္စများပြုလုပ်နိုင်သည်။ ကတ်ကိုင်ဆောင်သူအနေဖြင့် တာဝန်ရှိသည်မှာ-

၄.၁.၁။ ခွင့်ပြုထားသည့် ပုဂ္ဂိုလ်မှ သို့မဟုတ် ATM အသုံးပြုခြင်းဖြင့်ပြုလုပ်သော လုပ်ငန်းကိစ္စများ သို့မဟုတ် ပေး ထားသော ညွှန်ကြားချက်များ အပါအဝင် ကတ် သို့မဟုတ် ကတ်နံပါတ်အသုံးပြု၍ ပြုလုပ်သော လုပ်ငန်းကိစ္စအားလုံးအတွက် တာဝန်ရှိသည်။

၄.၁.၂။ အသုံးပြုခွင့် ပေးအပ်ခံထားရသည့် ပုဂ္ဂိုလ်ဖြစ်သူ ကတ်ကိုင်ဆောင်သူ (သို့မဟုတ်) ကတ်ကိုင်ဆောင်သူ ၏ နောက်ဆက်တွဲ ကတ်ကိုင်ဆောင်သူ ပုဂ္ဂိုလ်သည် ဤသဘောတူ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရန်သော်လည်းကောင်း၊ ကတ်စာရင်း နှင့် ကတ်ကို အသုံးပြုသည့်စာရင်းဝန်ဆောင်မှုများအားလုံးအပေါ် သက်ရောက်သည့် စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီစေရန် လည်းကောင်း အပြည့်အဝ တာဝန်ရှိပါသည်။

၄.၁.၃။ ဤသဘောတူစာချုပ်ပါ စည်းကမ်းများနှင့် ကိုက်ညီရန်ပျက်ကွက်မှု၊ ကတ်အသုံးပြု၍ လုပ်ဆောင်ရနိုင်သည့် ကတ်ကိုင်ဆောင်သူကတ်စာရင်း၊ စာရင်းများနှင့် ဝန်ဆောင်မှု အားလုံးနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းအားလုံး နှင့် ကိုက်ညီရန် ပျက်ကွက်မှုမှ ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများအတွက် တာဝန်ရှိသည်။

၄.၂။ ကတ်ကိုင်ဆောင်သူနှင့် ခွင့်ပြုထားသောပုဂ္ဂိုလ်အနေဖြင့်

၄.၂.၁။ မည်သည့်နိုင်ငံတွင်မဆို တရားမဝင်သောလုပ်ဆောင်ချက် (ဥပမာ တရားမဝင်ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်း) အတွက် ကတ်ကိုအသုံးမပြုရပါ။

၄.၂.၂။ အကြွေးဝယ်ခွင့်ပမာဏ အကန့်အသတ်ကို ကျော်လွန်စေမည့် လုပ်ငန်းကိစ္စများ လုပ်ဆောင်ရန် ကတ်ကိုအသုံးမပြု။

၄.၂.၃။ ကတ်စာရင်းပိတ်ပြီးနောက် သို့မဟုတ် ကတ်ကိုဖျက်သိမ်းသည်ဟု ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် က ပြောပြီးနောက် သို့မဟုတ် ကတ်အသုံးပြုမှုကို ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ရပ်သိမ်းပြီးနောက် ကတ်ကို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ကြိုးစားခြင်းတို့ မပြုလုပ်ရပါ။

၄.၂.၄။ ကတ်အသုံးပြုမှုနှင့်စပ်လျဥ်း၍ အခါအားလျော်စွာ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် က လိုအပ်သော သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများကို ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ထံ ပံ့ပိုးပေးရမည်။

၄.၂.၅။ ကတ်အသုံးပြုမှုနှင့်စပ်လျဥ်း၍ စုံစမ်းမှု သို့မဟုတ် တရားစွဲဆိုမှုတိုင်းတွင် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် နှင့် ပူးပေါင်းရမည်။

၄.၂.၆။ တစ်နည်းနည်းဖြင့် ကတ်ကို မျက်နှာပြင်ပျက်စေခြင်း၊ ပျက်စီးစေခြင်း၊ ကွေးကောက်စေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ကတ်ကို တစ်နည်းနည်းဖြင့် မူလပုံသဏ္ဍာန် ပျက်ပြားစေခြင်းမရှိစေရန် အခိုင်အမာ ထိန်းသိမ်း စောင့်ရှောက်ရမည်။

၄.၃။ **လုံခြုံမှု**

ကတ်ကိုင်ဆောင်သူနှင့် ခွင့်ပြုထားသော ပုဂ္ဂိုလ်နေဖြင့်

၄.၃.၁။ PIN ကို အချိန်တိုင်း လျှို့ဝှက်စွာသိမ်းဆည်းထားရမည်။

၄.၃.၂။ PIN ကိုလုံခြုံစေရန်နှင့် အယောင်ဆောင်မှု သို့မဟုတ် ကတ်ကိုင်ဆောင်သူကတ်နှင့် ကတ်စာရင်းကို အခွင့်မရှိဘဲ ရယူမှု သို့မဟုတ် အသုံးပြုမှုတို့ကို ကာကွယ်ရန် လိုအပ်သည် အားလုံးကို လုပ်ဆောင်ရမည်။ ကတ်ကိုင်ဆောင်သူ၏ PIN ကိုကာကွယ်ရန် နည်းလမ်းများတွင် ပါဝင်သည်များမှာ-

၄.၃.၂.၁။ PIN ကိုအလွတ်ကျက်မှတ်၍ မည်သည့်နေရာတွင်မှ ရေးချခြင်း မှတ်တမ်းတင်မှု မပြုလုပ်ခြင်း။

၄.၃.၂.၂။ အထက်ပါ (၄.၃.၂.၁) အချက်ပြီးနောက် PIN အတွက် ထုတ်ပေးထားသော အကြောင်းကြားစာကို ချက်ချင်း ဖျက်ပစ်ခြင်း။

၄.၃.၂.၃။ မည်သူ့ကိုမှ PIN ကိုမပြောခြင်း သို့မဟုတ် မည်သူ့ကိုမှ မသိရှိစေခြင်း။

၄.၃.၂.၄။ PIN ရွေးချယ်ရာတွင် သိသာသောစကားလုံး သို့မဟုတ် နံပါတ်ကို မရွေးချယ်ခြင်း၊ သို့မဟုတ် လွယ်ကူစွာ ခန့်မှန်းနိုင်သည့် သို့မဟုတ် ယခင်ကအသုံးပြုဖူးသည့် စကားလုံး သို့မဟုတ် နံပါတ်ကို မရွေးချယ်ခြင်း။

၄.၃.၂.၅။ PIN ကို အခါအားလျော်စွာ ပြောင်းပေးခြင်း။

၄.၃.၃။ ကတ်ကိုင်ဆောင်သူသည် အောက်ပါအခြေအနေတွင် ဘဏ်သို့ ချက်ချင်းတင်ပြရမည်-

၄.၃.၃.၁။ PIN ပျောက်ဆုံးသွားသည်ကို သတိပြုမိခြင်း၊

၄.၃.၃.၂။ တစ်စုံတစ်ယောက်မှမိမိ PIN ကို သိရှိသည်ဟု သံသယရှိခြင်း၊

၄.၃.၃.၃။ ကတ်ကိုင်ဆောင်သူ၏ ကတ်အားခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်း သို့မဟုတ် ကတ်စာရင်းသို့ ဝင်ရောက်အသုံးပြုခြင်းအားသံသယဖြစ်ခြင်းသို့မဟုတ်သတိပြုမိခြင်းနှင့်

၄.၃.၃.၄။ ကတ်ကိုင်ဆောင်သူ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ (ဥပမာ၊ ကတ်ကိုင်ဆောင်သူ၏သက်သေခံကတ်ပြားနှင့်ဆက်သွယ်ရန်အသေးစိတ်အချက်များ)ကို ပြောင်းလဲမှုဖြစ်ခြင်း။

## ၄.၄။ ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် အခိုးခံရခြင်း/PIN ပေါက်ကြားခြင်း

၄.၄.၁။ ကတ်ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်း သို့မဟုတ် အခွင့်မရရှိသူကအသုံးပြုခြင်းတို့ဖြစ်ပါက (ကတ်ကိုသုံးခြင်းမှဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ) ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အသုံးပြုမှုကို ဆိုင်းငံ့ရန်နှင့် သက်ဆိုင်ရာ PIN နံပါတ်ကို ဖျက်သိမ်းရန် ဘဏ်သို့ ချက်ချင်းအကြောင်းကြားရမည်။ ကတ်အား ဆိုင်းငံ့မှုမတိုင်မီ ကျသင့်သည့် ဝန်ဆောင်ခများအတွက် ကတ်ကိုင်ဆောင်သူက တာဝန်ယူရပါမည်။

၄.၄.၂။ ကတ်ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်း သို့မဟုတ် PIN ပေါက်ကြားခြင်းတို့ဖြစ်ပါက ကတ်ကိုင်ဆောင်သူအနေဖြင့် တာဝန်ရှိမည်မှာ-

၄.၄.၂.၁။ ကတ်ကိုင်ဆောင်သူထံမှ ပျောက်ဆုံးကြောင်း၊ အခိုးခံရကြောင်း သို့မဟုတ် PIN ပေါက်ကြားကြောင်း အကြောင်းကြားချက်ကို ဘဏ်မှမရရှိမီ တစ်ဦးဦးကကတ် ကိုင်ဆောင်သူ ကတ်ကိုအသုံးပြု၍လုပ်ဆောင်သောလုပ်ငန်းအားလုံးအတွက်တာဝန်ယူရမည်။

၄.၄.၂.၂။ ကတ်ကိုင်ဆောင်သူက ပုံသေပေးချေမှု အစီအစဉ်ရှိသည့် ငွေလက်ခံသူအဖွဲ့အစည်းအား ကတ် သို့မဟုတ် ကတ်စာရင်းသို့ တိုက်ရိုက်ပေးချေရန် ငွေအားလုံးရပ်တန့်ရန် သတိပေးခြင်းအတွက် တာဝန်ယူရမည်။

၄.၅။ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ သတ်မှတ်ထားသော စည်းကမ်းချက်များ ပါရှိသည့်အစားထိုးကတ်သို့မဟုတ် PIN အသစ်ကို ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ထုတ်ပေးကောင်း ထုတ်ပေးနိုင်သည်။

၄.၆။ အကယ်၍ ပျောက်ဆုံး၊ အခိုးခံရသော ကတ်ကိုပြန်လည်တွေ့ရှိပါက ၎င်းကိုဆက်လက် အသုံးပြု၍ မရနိုင်သောကြောင့် ချက်ချင်း တစ်ဝက်ဖြတ်၍ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ထံသို့ ပြန်ပေးရမည်။

## ၅။ အကြွေးဝယ်ကတ်များအတွက် ချေးငွေကန့်သတ်ချက်

၅.၁။ ချေးငွေကန့်သတ်ချက်သည် ကတ်ကိုင်ဆောင်သူထံ သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ ကတ်စာရင်းသို့ ထုတ်ပေးထားသည့် အကြွေးဝယ်ကတ်အားလုံးနှင့် သက်ဆိုင်သည့် ခြုံငုံကန့်သတ်ချက်ဖြစ်သည်။

ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကို

၅.၁.၁။ ငွေသား ကြိုတင်ထုတ်ငွေသို့မဟုတ်

၅.၁.၂။ ကတ်အသုံးပြုနိုင်သည့် ဆိုင်းဘုတ်သင်္ကေတပြထားသော ဈေးဆိုင်၊ နေရာ၌ ကုန်စည်၊ ဝန်ဆောင်မှုများ နှင့်/သို့မဟုတ် အခကြေးငွေများ ပေးချေမှု အတွက် သို့မဟုတ်

၅.၁.၃။ ခွင့်ပြုထားသော လမ်းကြောင်းများမှ ပြုလုပ်သော လုပ်ငန်းကိစ္စတိုင်းအတွက် ဘဏ် က ခွင့်ပြုသော အကြွေးကန့်သတ်ချက် အတွင်း အသုံးပြုနိုင်သည်။

**၅.၂။ အကြွေးကန့်သတ်ချက် ကျော်လွန်သည်/မကျော်လွန်သည်ကို တွက်ချက်ခြင်း**

ကတ်ကိုင်ဆောင်သူ၏ အကြွေးကန့်သတ်ချက် ကျော်လွန်သည်/မကျော်လွန်သည်ကို ဘဏ် မှ တွက်ချက်သော အခါ ထည့်သွင်းစဉ်းစားသည်မှာ-

၅.၂.၁။ (ဆင့်ပွားကတ်ဖြင့်ပြုလုပ်သော လုပ်ငန်းကိစ္စများနှင့် ကတ်ကိုင်ဆောင်သူ၏ ကတ်စာရင်း ရှင်းတမ်းတွင်မဖော်ပြရသေးသော လုပ်ငန်းကိစ္စများအပါအဝင်) ကတ်အားလုံးအသုံးပြု၍ ပြုလုပ်သော ငွေပေးချေမှု

၅.၂.၂။ အတိုး၊ အဖိုးအခ၊ ပေးချေရန်တာဝန်ရှိလာမည့် ငွေကြေးဆိုင်ရာစရိတ်များ နှင့် အခြား ဝန်ဆောင်ခများ

၅.၂.၃။ ငွေလက်ခံသည့်အဖွဲ့သို့ ပေးထားသော ခွင့်ပြုချက် သို့မဟုတ် ကတ်ကိုအသုံးပြုသော အဆိုပြုထားသည့် လုပ်ငန်းကိစ္စနှင့် စပ်လျဉ်းသော အခြားအဖွဲ့အစည်းအား ပေးထားသည့် ခွင့်ပြုချက်

၅.၃။ အကြွေးကန့်သတ်ချက်ကို ကျော်လွန်အသုံးပြုခြင်းအတွက် ခွင့်ပြုခြင်းအား ဧရာဝတီဘဏ်က ဆုံးဖြတ်မည်ဖြစ်သည်။ ခွင့်ပြုမိန့်ရရှိပါကလည်း ကတ်အသုံးပြု၍ သုံးစွဲမှုဆိုင်ရာ ကိစ္စအဝဝအတွက် ကတ်ကိုင်ဆောင်သူတွင် တာဝန်အပြည့်အဝရှိမည်ဖြစ်သည်။

၅.၄။ အကြွေးဝယ်ခွင့်ကန့်သတ်ချက် ကျော်လွန်ပါကဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့်နောက်ထပ်ကတ်လုပ်ငန်းကိစ္စကိုခွင့်ပြုရန် ငြင်းဆန်နိုင်ပြီး ကတ်ကိုင်ဆောင်သူအနေဖြင့် အကြွေး ကန့်သတ်ချက်ကျော်လွန်သောပမာဏကို ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ထံ ချက်ချင်း ပေးချေရမည်။

## ၆။ ငွေသား ကြိုတင်ထုတ်ငွေ

ကတ်ကိုင်ဆောင်သူအနေဖြင့် ခွင့်ပြုထားသည့် လမ်းကြောင်းတစ်ခုခုဖြင့် ငွေသားကြိုတင်ထုတ်ငွေကို ထုတ်ယူရန်ကတ်ကိုအသုံးပြုနိုင်သည်။ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် က သတ်မှတ်ထားသောနှုန်းထားဖြင့်ငွေသားထုတ်ယူမှုအတွက်ဝန်ဆောင်ခ ယူနိုင်သည်ကို ကတ်ကိုင်ဆောင်သူက သဘောတူသည်။

## ၇။ ပေးချေမှုများ

၇.၁။ ကတ်ကိုင်ဆောင်သူအနေဖြင့် သတ်မှတ်ရက်စွဲပြည့်ချိန်တွင် သုံးစွဲမှုအားလုံးအတွက် ပေးဆပ်ရမည့် ပမာဏ အပြည့်အဝအားသတ်မှတ်ထားသော ငွေကြေး(မြန်မာကျပ်)ဖြင့် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှချက်ချင်းရရှိနိုင်စေရန်သေချာလုပ်ဆောင်ထားရမည်။

၇.၂။ **အချိန်စေ့နေ့စွဲတွင် ပေးချေခြင်း**

ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကိုင်ဆောင်သူ ကတ်ရှင်းတမ်းတွင် သတ်မှတ်ထားသည့် အချိန်စေ့ ရက်စွဲတွင် သို့မဟုတ် မတိုင်မီ အကြွေးတင်နေသော ကတ်စာရင်း လက်ကျန် သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ ကတ်ရှင်းတမ်းတွင် ဖော်ပြထားသော ပေးချေမှုပမာဏ (အနည်းဆုံးပမာဏ ပေးချေမှု) တို့ကို ပေးချေရမည်။

၇.၃။ **ကတ်ကိုင်ဆောင်သူမှ အပြည့်အဝမပေးချေပါကမည်သည့်အရာဖြစ်မည်နည်း**

အချိန်စေ့ရက်စွဲ သို့မဟုတ် ယင်းမတိုင်မီတွင် ကတ်ကိုင်ဆောင်သူမှ ဧရာဝတီဘဏ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ကို ပေးစရာရှိသော ပမာဏပြည့် သို့မဟုတ် အနည်းဆုံးပမာဏကို ဧရာဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှမရရှိပါက

၇.၃.၁။ ပမာဏပြည့်ပေးဆပ်မှုအတွက် အချိန်စေ့သောရက်စွဲတွင် ပမာဏပြည့်ပေးဆပ်ရန် ပျက်ကွက်ပါက ကတ်ကိုင်ဆောင်သူ၏ သုံးစွဲမှုပမာဏအားလုံးပေါ်တွင် နေ့စဉ်အတိုးနှုန်းတွက်ချက်၍

နောက်ကျကြေးနှင့် အတိုး ကောက်ခံ မည်ဖြစ် သည်။ (အသေးစိတ်ကို ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် Website တွင်ကြည့်ပါ။)

၇.၃.၂။ ရေဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် ကတ်တစ်ကတ်ကို သော်လည်းကောင်း အားလုံးကိုသော်လည်းကောင်း ဆိုင်းငံ့နိုင်သည်။

၇.၃.၃။ ကတ်ကိုင်ဆောင်သူသည် ရက်ပေါင်း (၃၀) အထိ ငွေပေးချေရန် ပျက်ကွက်ပါက ကတ်ကိုင်ဆောင်သူ၏ Card Account အသုံးပြုခြင်းကို ဆိုင်းငံ့ထားမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူမှ ၎င်း၏ စာရင်းရှင်းတမ်း လက်ကျန်ငွေကို အနည်းဆုံးပေးချေပြီးမှသာ ကတ်ကိုင်ဆောင်သူက Card ကို ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။

၇.၃.၄။ ကတ်ကိုင်ဆောင်သူသည် ရက်ပေါင်း (၆၀) အထိ ငွေပေးချေရန် ပျက်ကွက်ပါက ကတ်ကိုင်ဆောင်သူသည် ငွေပေးချေမှုစုစုပေါင်း၏ ကျန်ရှိနေသော ပမာဏအားလုံးကို ပေးချေမှု ပြုလုပ်ပြီးမှသာ ကတ်ကိုင်ဆောင်သူသည် ၎င်း၏ကတ်ကို အသုံးပြုနိုင်မည်ဖြစ်ပြီး ချေးငွေ ကန့်သတ်ချက်အား လျှော့ချမည်ဖြစ်သည်။

၇.၃.၅။ အာမခံငွေသားအပ်နှံ၍ အကြွေးဝယ်ကတ် ရယူထားသော ကတ်ကိုင်ဆောင်သူများသည် ဘဏ်စာရင်းထဲသို့ ငွေထည့်သွင်းရန် သိရှိနားလည်သဘောတူကြပြီး မည်သည့် အကြောင်းကြောင့် မဆို ပျက်ကွက်ပါက ငွေပမာဏကို ငွေထည့်သွင်းရမည့်နေ့ရက်မှစ၍ ရက်ပေါင်း (၉၀) ရက်နေ့တွင် အပ်နှံထားရှိပြီးဖြစ်သောငွေမှခုနှိမ်ဖြတ်တောက်သွားမည် ဖြစ်သည်။

၇.၄။ အကယ်၍ ကတ်ကိုင်ဆောင်သူသည် ငွေပေးချေမှုအတွက် နောက်ကျလျှင်သော်လည်းကောင်း၊ ပမာဏအပြည့်ပေးချေမှုများမပြုလုပ်ခဲ့လျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသည့် အနည်းဆုံးငွေပေးချေမှု ပမာဏမပြည့်မှီလျှင်သော်လည်းကောင်းသတ်မှတ်ထားသည့်နေ့စဉ်အတိုးနှုန်းတွက်ချက်၍ နောက်ကျကြေးနှင့် အတိုးကောက်ခံမည်ဖြစ်ပါသည်။ (အသေးစိတ်သိရှိလိုပါက (+၉၅၁)၂၃၁၇၇၇၇)သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။)

၇.၅။ **အနည်းဆုံးပေးချေမှု တွက်ချက်ခြင်း**

၇.၅.၁။ အနည်းဆုံးပေးချေမှုသည် အကြွေးတင်နေသောကတ် စာရင်းလက်ကျန်၏ အနည်းဆုံး သတ်မှတ်ထားသည့် ရာခိုင်နှုန်း သို့မဟုတ် မြန်မာကျပ်ငွေ ၁၀၀၀၀ အနက်မှများရာကို ပေးချေရမည်။

အကယ်၍ အကြွေးတင်နေသော ကတ်စာရင်း လက်ကျန် သည် မြန်မာငွေ ၁၀၀၀၀ ကျပ် အောက် နည်းပါက ကတ်ကိုင်ဆောင်သူအနေဖြင့် လက်ကျန်ရှင်းတမ်း ပမာဏကို အပြည့် အဝ ပေးချေရမည်။

၇.၅.၂။ အကယ်၍ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် အချိန်စေ့ ရက်စွဲတွင် အနည်းဆုံးပေးချေမှုအောက်ရရှိပါက ယင်းလ၏ပေးချေရန်ကျန်ရှိသောပမာဏကို လာမည့်လ၏ အနည်းဆုံးပေးချေမှု ပမာဏ သို့ ပေါင်းထည့်မည်ဖြစ်သည်။

၇.၆။ **ပေးချေမှုငွေကြေး**

ကတ်ကိုင်ဆောင်သူအနေဖြင့် မြန်မာကျပ်ငွေဖြင့်ပေးချေရပါမည်။ အကယ်၍ရရှိထားသော ပေးချေမှုသည် နိုင်ငံခြားငွေကြေးဖြင့်ဖြစ်ပါက ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် က လက်ရှိ အသုံးပြုသော ငွေကြေးလဲလှယ်မှုနှုန်းထားဖြင့် ယင်းပေးချေမှုကို မြန်မာကျပ်ငွေသို့ ပြောင်းလဲသွားပါမည်။ ကတ်ကိုင်ဆောင်သူအနေဖြင့် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ငွေကြေးလိုအပ်မှုအတွက်ဆုံးရှုံးမှုများ၊ ငွေကြေး လဲလှယ်မှုမှထွက်ပေါ်လာသော စွန့်စားမှုအားလုံးနှင့် ဆုံးရှုံးမှုတိုင်းအတွက် အပြည့်အဝတာဝန်ယူမည် ဖြစ်ကြောင်း သဘောတူလက်ခံရမည်။

၇.၇။ **ပေးချေမှုများ လျှောက်လွှာ**

၇.၇.၁။ ကတ်ကိုင်ဆောင်သူစာရင်းရှင်းတမ်းပေါ်ရှိ စာရင်း၌ လုပ်ငန်းကိစ္စများ သို့မဟုတ် အခြား အဖိုးအခများသည် မှန်ကန်မှုမရှိပါက စာရင်းရှင်းတမ်းတွင် ဖော်ပြထားသော နေ့စွဲ၌ ပေးချေမှုအတွက် အချိန်စေ့သည်ဟုပြထားသော အနည်းဆုံးပမာဏကို ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အားပေးချေရမည်။

၇.၇.၂။ ကတ်ကိုင်ဆောင်သူမှ ပြုလုပ်ထားသော ပေးချေမှုများသည် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှ ရှင်းလင်းပြီးသော ငွေကြေးအနေဖြင့် လက်ခံ ရရှိမှသာလျှင် တရားဝင်မည် ဖြစ်သည်။ (ဥပမာ- ချက်လက်မှတ်ကို ရောဝတီဘဏ်

အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကရရှိပြီးနောက်ရှင်းလင်းရန်ရက်အနည်းငယ်ကြာနိုင်သည်။)

၇.၇.၃။ ကတ်ကိုင်ဆောင်သူအနေဖြင့် အကြွေးပေးချေမှုကို နောက်ကျမှပြုလုပ်ပါက သို့မဟုတ် လုံးဝမပြုလုပ်ပါက လက်ကျန် ကျန်ရှိသောမပေးချေရသေးသည့် ငွေပမာဏအပေါ်တွင် နောက်ကျကြေး ထပ်မံ ကောက်ခံမည်ဖြစ်သည်။

၇.၇.၄။ ကတ်ကိုင်ဆောင်သူသည် အနည်းဆုံးသတ်မှတ်ပမာဏကိုသာ ငွေပေးချေမှုပြုလုပ်ပါက ငွေပေးချေမှု မပြုလုပ်မှီ ကျန်ရှိသော မူလကြွေးကျန်ငွေပမာဏအပေါ်တွင် အတိုးကျ ကောက်ခံမည်ဖြစ်သည်။

၇.၇.၅။ ကတ်ကိုင်ဆောင်သူမှ အနည်းဆုံးလစဉ် အကြွေးဆပ်မှုပမာဏအပေါ် မူတည်၍ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ထံ ချက်ဖြင့်သော် လည်းကောင်း အခြားသင့်လျော်သည့် နည်းလမ်းဖြင့် သော်လည်းကောင်း ပေးချေမှု ပြုလုပ်ခြင်းဖြင့် သဘောတူစာချုပ်အရ ပေးရမည့် ပမာဏအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်ပေးချေနိုင်သည်။

၇.၇.၆။ လက်ခံရရှိသော ပေးချေမှုများကို ကတ်ကိုင်ဆောင်သူရှင်းတမ်းပေါ်တွင်ပြသည့် အနည်းဆုံးပေးချေမှုပမာဏအား ဦးစွာခုနှိမ်သွားပါမည်။ ထို့နောက် ကတ်ကိုင်ဆောင်သူစာရင်းရှင်းတမ်းပေါ်ရှိ လက်ကျန်ငွေများကိုခုနှိမ်ပါမည်။ ထို့နောက်စာရင်းရှင်းတမ်းတွင် မပါသေးသော အရာများကို ခုနှိမ်ပါမည်။ ကတ်ကိုင်ဆောင်သူပေးချေမှုကို အောက်ပါအစဉ်အတိုင်း လက်ကျန်အမျိုးအစားအလိုက် ခုနှိမ်မည် ဖြစ်သည်။ အခကြေးငွေနှင့် အဖိုးအခ၊ အတိုး ထို့နောက် ကျန်ရှိသော လက်ကျန်တို့ဖြစ်သည်။

၇.၈။ **ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က တောင်းဆိုသည့်အခါအပြည့်အဝပေးချေခြင်း**

ဤသဘောတူစာချုပ်၏ အခြားနေရာများတွင် မည်သည့် သတ်မှတ်ချက်များ ရှိစေကာမူ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်အနေဖြင့် ကတ်ကိုင်ဆောင်သူမှ ဧရာဝတီဘဏ်

အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို ပေးရမည့်မည်သည့်ပမာဏကိုမဆို ချက်ချင်းပေးချေရန် အချိန်မရွေး ပြန်လည် တောင်းဆိုနိုင်သည်။

၇.၉။ **နုတ်ပယ်မှုမရှိခြင်း**

ကတ်ကိုင်ဆောင်သူအနေဖြင့်တာဝန်ရှိသည်မှာ-

၇.၉.၁။ ကတ်ကိုင်ဆောင်သူသည် ကတ်လက်ကျန်ငွေအား ပြန်လည်ပေးဆပ်ရာတွင် ဥပဒေအရ ပေးသွင်းရန်ရှိသည့် အခွန် နှင့် ကြိုတင်အခွန်များအား ဖြတ်တောက်ခြင်း သို့မဟုတ် နှုတ်ပယ်ခြင်းမရှိပဲ ပေးဆပ်ရမည်ဖြစ်သည်။ ဥပဒေအရ ပေးသွင်းရန်ရှိသည့်အခွန်နှင့် ကြိုတင်အခွန်များအား ဖြတ်တောက်၍ ပေးသွင်းရမည်ဆိုပါက ဘဏ် သို့ပေးဆပ်ရန်ရှိသည့် ပမာဏအား နှုတ်ပယ်ခြင်းမရှိစေပဲ အပြည့်အဝပြန်လည်ပေးချေရမည်။

၇.၉.၂။ ငွေပေးချေမှုများ ပြုလုပ်ရာတွင် ကတ်ကိုင်ဆောင်သူမှ ပေးဆောင်ရမည့် ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုဆိုင်ရာ အခွန်အခများ (အခြားမည်သည့်အမည်နာမဖြင့် ခေါ်တွင်သည်ဖြစ်စေ) အတွက် ကင်းလွတ်ခွင့်ပြုမည်မဟုတ်ပဲ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် ကို ပြန်လည် ငွေပေးချေရမည်။

၇.၁၀။ **ကတ်စာရင်းရှိ အကြွေးလက်ကျန်ကို ကိုင်တွယ်ရန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်**

ပင်မကတ်ကိုင်ဆောင်သူ သေဆုံးသည့်ဖြစ်ရပ်တွင် ပင်မကတ်ကိုင်ဆောင်သူ၏ ကြီးကြပ်သူ(များ) သို့မဟုတ် ခံစားခွင့်ရှိသည့်အမွေဆက်ခံသူ(များ)သည်လက်ကျန်ငွေအားပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

ဘဏ်အနေဖြင့် ကတ်စာရင်းတွင် အကြွေးတင်နေသော လက်ကျန်ကို ကတ်ကိုင်ဆောင်သူတွင်ရှိသော သို့မဟုတ် နောက်ပိုင်း၌ ဘဏ်တွင်ဖွင့်နိုင်သော အခြားစာရင်းနှင့် ပေါင်းစပ်ရန် သို့မဟုတ် ပေါင်းစည်းရန် အခွင့်အရေးရှိသည်။ ကတ်ကိုင်ဆောင်သူအနေဖြင့်လည်း ကတ်စာရင်းရှိ အကြွေးတင်နေသော အကြွေးလက်ကျန်ကို ခုနှိမ်ရန် ဤစာရင်းများရှိ လက်ကျန်ငွေကို လွှဲပြောင်းရန် သဘောတူသည်။

၈။ **ဆိုင်းငံ့ထားခြင်း သို့မဟုတ် အဆုံးသတ်ခြင်း ဆိုင်းငံ့ထားသောကတ်/ငြင်းပယ်ထားသောကတ်လုပ်ငန်းကိစ္စ**

**၈.၁။ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် မည်သည့်အချိန်တွင်မဆို**

၈.၁.၁။ မည်သည့်ကတ်လုပ်ငန်းကိစ္စကိုမဆို ငြင်းဆိုနိုင်သည်။

၈.၁.၂။ မည်သည့်ကတ် အသုံးပြုမှုကိုမဆို ဆိုင်းငံ့ခြင်း သို့မဟုတ် အဆုံးသတ်ခြင်းပြုလုပ်နိုင်သည်။

၈.၁.၃။ ကတ်စာရင်းကို ဆိုင်းငံ့ခြင်း သို့မဟုတ် အဆုံးသတ်ခြင်းပြုလုပ်နိုင်သည်။

၈.၁.၄။ PIN အသုံးပြုမှုကို ပြောင်းလဲခြင်း၊ ရပ်တန့်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတို့ပြုလုပ်နိုင်သည် (သို့မဟုတ်)

၈.၁.၅။ ကတ်ကိုင်ဆောင်သူထံအကြောင်းပြချက်များပေးရန် လိုအပ်ချက်နှင့်အတူ မည်သည့်ကတ်ကိုမဆို ပြန်လည်ထုတ်ပေးရန်၊ အသစ်ထုတ်ပေးရန် သို့မဟုတ် အစားထိုးရန် ငြင်းဆန်နိုင်သည်။

## ၈.၂။ **ကတ်ကိုင်ဆောင်သူကိုယ်တိုင် ကတ်အသုံးပြုမှုရပ်စဲခြင်း**

ကတ်ကိုင်ဆောင်သူအနေဖြင့် မိမိ၏ကတ်များအားလုံးကိုရပ်စဲလိုပါက ကျွန်ုပ်တို့အားအကြောင်းကြား၍ ဆောင်ရွက်နိုင်သည်။ မူလကတ်ကိုင်ဆောင်သူသည် ဆင့်ပွားကတ်များကိုရပ်စဲရုပ်သိမ်းနိုင်သည်။ သို့ရပ်စဲရာတွင် အောက်ဖော်ပြပါ တာဝန်များအားလိုက်နာဆောင်ရွက်ရမည်။

၈.၂.၁။ မည်သည့်အကြောင်းကိစ္စကြောင့်မဆို သင်၏ကတ်စာရင်းများအား ရပ်စဲသည့်အခါတွင် သင်၏ ကတ်များအား ဆက်လက်သုံးစွဲခွင့်မရှိတော့ပါ။

၈.၂.၂။ လုံခြုံရေးကိစ္စများကိုရှေးရှု၍ ကတ်(များ)ကို နှစ်ပိုင်းဖြတ်ပြီး ကျွန်ုပ်တို့ထံသို့ပြန်လည် အပ်နှံရမည်။

၈.၂.၃။ ကတ်နှင့် ကတ်စာရင်းနှင့်ပတ်သက်၍ ကတ်ကိုင်ဆောင်သူမှ ပေးဆပ်ရန်ကျန်ရှိနေသော ကြွေးကျန်အား ချက်ချင်းပေးသွင်းရမည်။ ဘဏ္ဍာရေးဆိုင်ရာ အတိုးစရိတ်နှင့် ဒဏ်ကြေး (ပေးဆောင်ရန် ပေါ်ပေါက်နေသည်များ) ရှိပါက ကတ်ရပ်စဲသည့်အချိန်တွင်ပြန်လည် ပေးဆပ် ရမည်။

၈.၂.၄။ ကတ်(များ)ကို မရုတ်သိမ်းမှီ (သို့) ရုတ်သိမ်းပြီးနောက်သင့်အနေဖြင့်ကတ်တွင်ရှိသော မည်သည့်လက်ကျန်ငွေကိုမဆို ပြန်လည်ထုတ်ယူရန် အကျုံးဝင်ပါက ကျွန်ုပ်တို့အနေဖြင့် သင့်အား နောက်ထပ် အသိပေးအကြောင်းကြားခြင်းမပြုတော့ဘဲ သင့်ငွေစာရင်းဖွင့်ထားသော ကျွန်ုပ်တို့ဘဏ်ရှိ ငွေစာရင်း သို့ ပေးသွင်းပေးမည်ဖြစ်သည်။

## ၈.၃။ **ဘဏ်မှ ကတ်အသုံးပြုမှု ရပ်စဲခြင်း (သို့) အဆုံးသတ်ခြင်း**

ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည်မည်သည့်အခြေအနေတွင်မဆိုအကယ်၍ကတ်ကိုင်ဆောင်သူသည်အောက်ပါအချက်များဖြစ်ပွားပါက ကတ်ကိုင်ဆောင်သူကို သတိပေး၍သော် လည်းကောင်း

သတိမပေးဘဲသော်လည်းကောင်း၊ ကတ်များထဲမှ တစ်ခုကိုဖြစ်စေ အားလုံးကိုဖြစ်စေ၊ ကတ်စာရင်းနှင့် ဝန်ဆောင်မှုများကို ပိတ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ အဆုံးသတ်ခြင်းနှင့် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။

၈.၃.၁။ ယခုပြဋ္ဌာန်းထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အတူ အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်မှုများကို လိုက်နာမှုမရှိခြင်းနှင့် စည်းကမ်းများနှင့်ကိုက်ညီမှုမရှိခြင်း။

၈.၃.၂။ ကတ်များ၊ ကတ်စာရင်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ဧရာဝတီဘဏ်၏ ညွှန်ကြားချက်များကို မလိုက်နာခြင်း သို့မဟုတ် သက်ဆိုင်ရာ ဥပဒေကို မလိုက်နာခြင်း။

၈.၃.၃။ ကတ်ကိုင်ဆောင်သူအနေဖြင့် (၁) လာဘ်ပေးရန်ကမ်းလှမ်းခြင်း၊ ကတိပေးခြင်း သို့မဟုတ် လာဘ်ပေးခြင်း (သို့) (၂) လာဘ်ယူရန်လက်ခံသဘောတူခြင်း လာဘ်ယူသည်ဟု ဧရာဝတီဘဏ်က ယုံကြည်ခြင်း။

၈.၃.၄။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ အယူအဆတွင် ကတ်တစ်ခု သို့မဟုတ် ကတ်စာရင်းကို ကောင်းမွန်စွာ ပုံမှန် အခြေအနေဖြင့် မလုပ်ဆောင်ဟုယူဆခြင်း။

၈.၃.၅။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ အယူအဆတွင် ကတ်ကိုင်ဆောင်သူ နှင့် ဘဏ်လုပ်ငန်းဆက်ဆံရေးသည် သင့်တော်လျော်ကန်သော အခြေအနေမရှိခြင်း။

၈.၃.၆။ ကတ်ကိုင်ဆောင်သူအနေဖြင့် ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ခုခု သို့မဟုတ် ငွေကြေးချေးငှားရာတွင်ဖြစ်စေ၊ ကြိုတင်ငွေ သို့မဟုတ် ချေးငွေ သို့မဟုတ် အလားတူငွေများ

ဈေးဌာနရာတွင်ဖြစ်စေ အခြားသဘောတူစာချုပ်ပါ စည်းကမ်းချက် တစ်ခုခုကိုကို ချိုးဖောက်ရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် ချိုးဖောက်ထားခြင်း။

၈.၃.၇။ ကတ်ကိုင်ဆောင်သူအနေဖြင့် မမှန်မကန်၊ မတိမကျ၊ မပြည့်စုံသော သို့မဟုတ် လွဲမှားသော သတင်း အချက်အလက်များကို ပေးထားခြင်း။

၈.၃.၈။ ကတ်ကိုင်ဆောင်သူအနေဖြင့်ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အား ပေးရမည့်ကြွေးကျန်ပမာဏကိုအချိန်မှီမပေးချေခြင်း။

၈.၃.၉။ ကတ်ကိုင်ဆောင်သူ ကွယ်လွန်သွားခြင်း သို့မဟုတ် ရုပ်ပိုင်း/စိတ်ပိုင်း စွမ်းဆောင်နိုင်ရည် ကင်းမဲ့သွားခြင်း။

၈.၃.၁၀။ ကတ်ကိုင်ဆောင်သူအနေဖြင့် အကြွေးမဆပ်နိုင်ခြင်း သို့မဟုတ် ဒေဝါလီခံရခြင်း သို့မဟုတ် တရားရေးရာ အမှုရင်ဆိုင်ရခြင်း။

၈.၃.၁၁။ ကတ်ကိုင်ဆောင်သူ၏ ပိုင်ဆိုင်မှုများသည် အန္တရာယ်ကျရောက်နေခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ တစ်စုံတစ်ယောက် ၏ စီမံကိုင်တွယ်မှုခံနေရခြင်း။

၈.၃.၁၂။ တရားရေး အမှုအခင်း (တရားမ သို့မဟုတ် တရားရေး) သို့မဟုတ် တရားစွဲဆိုမှု (မြေယာ အဆောက်အအုံသိမ်းယူရန်အမိန့်၊ ထိန်းချုပ်ရန်နှင့် ရောင်းချရန်အမိန့်စာချွန်လွှာ၊ တရားရုံး စာချွန်လွှာတို့အပါအဝင်) တို့ ကတ်ကိုင်ဆောင်သူအပေါ်သက်ရောက်နေခြင်း၊ သို့မဟုတ်

ကတ်ကိုင်ဆောင်သူအနေဖြင့် အမှုတစ်ခုကို ကျူးလွန်ထားခြင်း၊ သို့မဟုတ် ကတ်ကိုင်ဆောင်သူ သို့မဟုတ် လုံခြုံရေးဆောင်ရွက်သူက မလျော်မကံ ပြုမူထားခြင်း။

၈.၃.၁၃။ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ အယူအဆတွင် ကတ်ကိုင်ဆောင်သူ၏ ဘဏ္ဍာရေးအခြေအနေ၊ ပိုင်ဆိုင်မှု သို့မဟုတ် ဤသဘောတူစာချုပ်ပါ စည်းမျဉ်းများအားလိုက်နာမှု တို့တွင် ဆိုးရွားစွာထိခိုက်စေနိုင်သော ကိစ္စရပ်တစ်ခုခုဖြစ်ခြင်း။

၈.၃.၁၄။ အခြားသဘောတူစာချုပ်များ သို့မဟုတ် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ကြားရှိ စာချုပ်များအရ ဖြစ်ပွားသော အခြားပျက်ကွက်မှု တစ်စုံတစ်ရာရှိခြင်း။

၈.၃.၁၅။ ဤအပိုဒ်ခွဲအရ အာမခံပေးရန် သဘောတူထားသော သို့မဟုတ် အာမခံပေးနေသော ကြားခံအဖွဲ့ တစ်ခုခုနှင့် ပတ်သက်၍ ကိစ္စရပ်တစ်ခုခု သို့မဟုတ် အမှုရင်ဆိုင်မှုများဖြစ်ပေါ်ခြင်း။

၈.၃.၁၆။ ၎င်းတွင် အခြားအဖွဲ့တစ်ခုခုနှင့် ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ သဘောတူစာချုပ်ကို ချိုးဖောက်မှုပါဝင်ပါမည်။

၈.၃.၁၇။ လိမ်လည်ခြင်း ၊ ငွေကြေးခဝါချခြင်း (ငွေမည်းကိုငွေဖြူလုပ်ခြင်း) ၊ အကြမ်းဖက်လုပ်ဆောင်ချက်၊ လာဘ်ထိုးခြင်း၊ ခြစားခြင်း သို့မဟုတ် အခွန်တိမ်းရှောင်ခြင်း သို့မဟုတ် စီးပွားရေး သို့မဟုတ် ကုန်သွယ်ရေးပိတ်ဆို့မှုများလုပ်ဆောင်ခြင်းကို ကာကွယ်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ဖြစ်စေ ကမ္ဘာပေါ်ရှိ အခြားနေရာတွင်ဖြစ်စေ ကျွန်ုပ်တို့အတွက် မည်သည့်တာဝန်ဝတ္တရားကိုမဆို ဖြည့်ဆည်းရန် ယင်းသို့လုပ်ဆောင်ရန် မဖြစ်မနေ လိုအပ်သည်။

၈.၃.၁၈။ ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အတွက် ကတ်စာရင်း သို့မဟုတ် ဝန်ဆောင်မှု ပံ့ပိုးရန် သို့မဟုတ် ကတ်အသုံးပြုမှုကို ခွင့်ပြုရန် ဆက်လက်လုပ်ဆောင်ရန် တရားမဝင်ပါ။ ဤသဘောတူစာချုပ်အရ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ၏ အခွင့်အရေးများသည် အခြားအခွင့်အရေးများနှင့် ဥပဒေအရ သို့မဟုတ် အခြားသဘောတူစာချုပ် သို့မဟုတ် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် နှင့် ကတ်ကိုင်ဆောင်သူကြားရှိ

စီစဉ်မှုအရ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင်ရှိသော ကုစားမှုများကို ထိခိုက်ခြင်းမရှိစေရပါ။

၈.၄။ **ကတ်စာရင်း အဆုံးသတ်သည့်အခါ မည်သည့်အရာဖြစ်မည်နည်း။**

ကတ်စာရင်းကို အဆုံးသတ်ပါက

၈.၄.၁။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကိုအသုံးမပြုနိုင်ပါ၊ အသုံးမပြုရပါ။

၈.၄.၂။ကတ်ဖြင့်ပေးထားသောအကျိုးခံစားခွင့်များ၊အထူးခံစားခွင့်များကိုဆက်လက်ရရှိမည်မဟုတ်ပါ

၈.၄.၃။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကို ချက်ချင်းတစ်ဝက်ဖြတ်၍ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ထံ ပြန်အပ်ရမည်။

၈.၄.၄။ ကတ်ကိုင်ဆောင်သူအနေဖြင့်ကတ်ကိုင်ဆောင်သူကတ်စာရင်းတွင် မလုပ်ဆောင်ရသေးသော လုပ်ငန်းကိစ္စများအပါအဝင် ကတ်နှင့်စပ်လျဉ်း၍ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ထံပေးချေရမည့် ပမာဏအားလုံး၊ မဆပ်ရသေးသော စုပုံလာသည့် အတိုး၊ အဖိုးအခများနှင့် ဤစည်းမျဉ်းများအရ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က တောင်းခံနိုင်သည့် အဖိုးအခများ အားလုံးကို ချက်ချင်းပေးချေရမည်။ အဖိုးအခများကို ဘဏ်အား ပေးစရာရှိသည့် မပေးချေရသေးသော ပမာဏများကို အပြည့်အဝ မပေးချေရသေးခင်အထိ သွတ်သွင်းနိုင်သည်ကို ကတ်ကိုင်ဆောင်သူမှ သဘောတူသည်။

၈.၄.၅။ (နှစ်စဉ်ကြေး အပါအဝင်) မည်သည့်အဖိုးအခငွေကြေးကိုမှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၈.၄.၆။ ကတ် သို့မဟုတ် ကတ်စာရင်းသို့ တိုက်ရိုက်ပေးငွေများကို ရပ်တန့်ရန်အတွက် ကတ်ကိုင်ဆောင်သူမှ လက်ရှိပေးချေမှုအစီအစဉ် ပြုလုပ်နေသည့် ငွေလက်ခံသူ အဖွဲ့အစည်းအား အကြောင်းကြားရန်မှာ ကတ်ကိုင်ဆောင်သူတာဝန်ဖြစ်သည်။

## ၉။ အတိုးနှုန်း၊ အခကြေးငွေများနှင့် အဖိုးအခများ

၉.၁။ အခကြေးငွေများနှင့် အဖိုးအခများ လမ်းညွှန်နှင့် စာရင်းရှင်းတမ်းများတွင် ဖော်ပြထားသော အတိုးနှုန်း၊ အဖိုးအခများ နှင့် အခကြေးငွေများသည် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်။ အတိုးနှုန်း၊ အဖိုးအခများနှင့် အခကြေး ငွေများတွင် ပြောင်းလဲမှု သို့မဟုတ် တိုးမြင့်မှုကို ဤသဘောတူစာချုပ်ပါ စည်းမျဉ်းများနှင့်အညီ

ကတ်ကိုင်ဆောင်သူကို အသိပေးမည်ဖြစ်သည်။ အတိုးနှုန်း၊ အခကြေးငွေများနှင့် အဖိုးအခများကို ဆုံးဖြတ်မှု မတိုင်မီနှင့် ပြီးနောက် ပေးချေ နိုင်သည်။

၉.၂။ ပေးချေနိုင်သော အတိုးနှုန်း၊ အဖိုးအခများနှင့် အခကြေးငွေများကို ကတ်စာရင်းတွင် ကျသင့်စေမည် ဖြစ်သည်။

## ၁၀။ စာရင်းရှင်းတမ်းများ

၁၀.၁။ စာရင်းရှင်းတမ်းများ သို့မဟုတ် အတည်ပြုကြောင်း အကြောင်းကြားစာများကို ပုံမှန်စာတိုက် သို့မဟုတ် အီးမေးလ်ဖြင့် လစဉ်ဆက်သွယ် ပေးပို့သွားမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူ၏ ကတ်စာရင်းသည် သက်ဝင်မှုမရှိပါကရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် ကတ်ကိုင်ဆောင်သူကို ရှင်းတမ်းပေးပို့မည်မဟုတ်ပါ။

၁၀.၂။ အကယ်၍ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကိုင်ဆောင်သူရှင်းတမ်းတွင် အမှားတစ်ခုပါနေသည်ဟု ထင်မြင်ပါက ကတ်ကိုင်ဆောင်သူ၏ ငြင်းဆန်မှုကို ရှင်းတမ်းနေ့စွဲမှ (၁၄) ရက်အတွင်း ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် သို့ ရောက်ရှိစေရန်ပြုလုပ်ရပါမည်။ ကတ်ကိုင်ဆောင်သူ၏ ငြင်းဆန်မှုကိုမရရှိပါက ရှင်းတမ်းကိုမှန်ကန်သည်ဟု ယူဆသည်။ ဘဏ်အနေဖြင့် ကတ်ကိုင်ဆောင်သူ၏ ငြင်းဆန်မှုကို လက်ခံရန် ကိုယ်ပိုင် ဆုံးဖြတ်ချက် ဖြင့် ရက်များကိုပြောင်းလဲခွင့်ရှိသည်။

၁၀.၃။ ငြင်းဆန်မှုကို ဖြေရှင်းရန် ကတ်ကိုင်ဆောင်သူအနေဖြင့် သုံးစွဲသူဝန်ဆောင်မှုစင်တာကိုဆက်သွယ်၍ လက်မှတ်ထိုးထားသည့် ငြင်းဆန်မှုကြေငြာကြောင်းပုံစံ (DDF) ကိုတင်သွင်းရန်နှင့် လိုအပ်ပါက ဘဏ်မှ သတ်မှတ်သည့် စာရွက်စာတမ်းများ ပူးတွဲပေးပို့ရန် လိုအပ်မည်ဖြစ်သည်။ ဆုံးဖြတ်ချက်အတွက် လုပ်ငန်းစဉ်သည် ကိစ္စတစ်ခုချင်းအပေါ် အခြေခံ၍ ကွဲပြား မည်ဖြစ်သည်။

၁၀.၄။ ကတ်ကိုင်ဆောင်သူအနေဖြင့် (၁၄) ရက်အတွင်း ဘဏ်ကိုအကြောင်းကြားရန် ပျက်ကွက်ပါက စာရင်း ရှင်းတမ်းနှင့် ထည့်သွင်းထားသည့် အချက်အလက်အားလုံးသည် နောက်ထပ်သက်သေ အထောက်အထား မလိုအပ်ဘဲအကျုံးဝင်ပြီး အကြောင်းအရာများမှန်ကန်ကြောင်း ခိုင်မာသည့် သက်သေအထောက်အထား ဖြစ်မည်ဖြစ်ပြီး ဘဏ်အနေဖြင့် လုပ်ငန်းကိစ္စ အတွက် ပေးဆပ်ရန် တာဝန်အားလုံးမှ ကင်းလွတ်မည် ဖြစ်သည်။

၁၀.၅။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကိုင်ဆောင်သူ၏ ရှင်းတမ်းကို မရရှိခဲ့သည့်တိုင်(အတိုးပေးရမည့် တာဝန်အပါအဝင်)ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အပေါ် ကတ်ကိုင်ဆောင်သူမှ

တာဝန်ရှိသည်။ အတိုးတွက်ချက်ရန်နှင့် ငွေပေးချေမှု အချိန်စေ့မည့် ရက်စွဲသတ်မှတ်ရန်အတွက် ကတ်ကိုင်ဆောင်သူ၏ လစဉ်ရှင်းတမ်းပေးသည့် နေ့စွဲအဖြစ် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှ မည်သည့်နေ့စွဲကိုမဆို သတ်မှတ်နိုင်သည်။

**၁၁။ ပေးဆပ်ရန်တာဝန်များဖယ်ထုတ်ခြင်း**

ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် တွင်တာဝန်မရှိသောအချက်များမှာ-

၁၁.၁။ ငွေလက်ခံသူအဖွဲ့အစည်း သို့မဟုတ် ဘဏ္ဍာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့တစ်ခုခုက ကတ်ကိုလက်ခံရန် ငြင်းဆန်မှုအတွက်

၁၁.၂။ ကတ်ဖြင့်ပေးချေသည့် ငွေလက်ခံသူအဖွဲ့အစည်းမှ ထောက်ပံ့ပေးသောကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေး စွမ်းဆောင်ရည် ချွတ်ယွင်းမှု ၊ မပြည့်ဝမှုတို့အတွက်

၁၁.၃။ မလွန်ဆန်နိုင်သောဖြစ်ရပ်၊ လုပ်ငန်းနယ်ပယ်လုပ်ဆောင်ချက်၊ လျှပ်စစ်ဓါတ်အားပျက်ကွက်မှု၊ အသုံးအဆောင် ပစ္စည်း ပျက်စီးမှု၊ သို့မဟုတ် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် က မထိန်းချုပ်နိုင်သည့်နေရာတွင်ရှိသော အခြားကိစ္စ သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ မှတ်တမ်းများ၊ စာရင်းများ သို့မဟုတ် ဝန်ဆောင်မှုများကို မရရှိခြင်း သို့မဟုတ် မရရှိနိုင်ခြင်း သို့မဟုတ် အခြားအကြောင်းရင်းများကြောင့် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်အနေဖြင့် ကတ် သို့မဟုတ် ဝန်ဆောင်မှု အသုံးပြုခြင်း သို့မဟုတ် လည်ပတ်ခြင်းကို ကန့်သတ်၊ ရပ်ဆိုင်းရမည်ဆိုပါက ဆုံးရှုံးမှုတစ်စုံတစ်ရာအတွက်

၁၁.၄။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် ဆုံးရှုံးလာနိုင်ခြေရှိမှုကို (ကြိုတင်မြင်နိုင်သည်ဖြစ်စေ၊ မမြင်နိုင်သည်ဖြစ်စေ) အကြောင်းကြားမှုရရှိသော်လည်း အောက်ပါ ဆုံးရှုံးမှုများ အပါအဝင် ကတ်၊ ကတ်စာရင်း သို့မဟုတ် ဝန်ဆောင်မှုများ အသုံးပြုမှုနှင့် စပ်လျဥ်း၍ ကတ်ကိုင်ဆောင်သူမှ ခံရနိုင်သော ဆုံးရှုံးမှုတိုင်းအတွက်

၁၁.၄.၁။ ပေးချေမှုပြုလုပ်သော သို့မဟုတ် ကတ်ကိုင်ဆောင်သူနှင့် သက်ဆိုင်သောနိုင်ငံ၏ ဥပဒေစည်းမျဉ်းများ ကျင့်သုံးမှုကြောင့်ပေးချေမှုအား ကန့်သတ်ခြင်း

၁၁.၄.၂။ ငွေလက်ခံသူအဖွဲ့အစည်း သို့မဟုတ် ဘဏ္ဍာရေးအဖွဲ့အစည်း၏ သပိတ်မှောက်မှု၊ ပျက်ကွက်မှု၊ အရေး မထားမှု သို့မဟုတ် ဒေဝါလီခံရမှု

၁၁.၄.၃။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ ထိန်းချုပ်မှုပြင်ပ မျက်ကွယ်တွင်ရှိသော မည်သည့်အကြောင်းအရင်းမဆို

၁၁.၄.၄။ ကတ်ကိုင်ဆောင်သူလက်မှတ်အား အတုပြုလုပ်မှု သို့မဟုတ် ကတ် သို့မဟုတ် PIN ကို အခွင့်မရှိဘဲအသုံးပြုမှု

၁၁.၄.၅။ ဝန်ဆောင်မှုတစ်ခုခု အားမရရှိမှု သို့မဟုတ် မမှန်မကန်ဆောင်ရွက်မှု

၁၁.၄.၆။ ကွန်ပျူတာ သို့မဟုတ် စနစ် ဗိုင်းရပ်စ်နှောင့်ယှက်မှု၊ ဧရာဝတီဘဏ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ဝန်ဆောင်မှုများကို နှောင့်ယှက်နိုင်သည့် အခြားအကြောင်း အရင်းများ သို့မဟုတ် အဖျက်အမှောက်များ၊ သို့မဟုတ် ပျက်စီးမှုများ သို့မဟုတ် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် က ပိုင်သည်ဖြစ်စေ၊ မပိုင်သည်ဖြစ်စေ ကွန်ပျူတာနှင့် ကိရိယာများ၏ ကွန်ပျူတာသုံး ဆော့ဝဲ သို့မဟုတ် အသုံးအဆောင်ကြောင့် ဖြစ်ပွားသော ပျက်စီးချွတ်ယွင်းမှု

၁၁.၄.၇။ အီလက်ထရောနစ် ပေးချေမှုလွှဲပြောင်းခြင်းဖြင့် လွှဲပို့မှုတွင် ပါဝင်သော နှောက်ကျမှု သို့မဟုတ် အမှားဖြစ်ပွားမှု

၁၁.၄.၈။ မည်သည့် ညွှန်ကြားချက်ကိုမဆို ဆောင်ရွက်ရန် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ငြင်းဆန်မှု သို့မဟုတ် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် မှ လုပ်သော၊ သို့မဟုတ် မလုပ်သော အခြားကိစ္စရပ်တစ်ခုခု

၁၁.၄.၉။ ကတ်၊ ကတ်စာရင်း သို့မဟုတ် ဝန်ဆောင်မှု အဆုံးသတ်မှု

၁၁.၄.၁၀။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏မှတ်တမ်းများတွင် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှု တစ်စုံတစ်ရာ သို့ရာတွင် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် ၏ မှားယွင်းမှု သို့မဟုတ် အလေးမထားသော လွဲမှားမှုကြောင့် တိုက်ရိုက်ဖြစ်ပွားသော ကတ်ကိုင်ဆောင်သူ၏ ဆုံးရှုံးမှု အတွက် ဧရာဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ တာဝန်ယူမည်ဖြစ်သည်။

၁၁.၅။ ကတ်တစ်ခုခုပြန်လည်သိမ်းခြင်း သို့မဟုတ် ၎င်းအားပြန်လည်အပ်နှံမှု သို့မဟုတ် ကတ်စာရင်းအဆုံးသတ်မှုတို့နှင့်စပ်လျဉ်း၍ ထွက်ပေါ်လာသော (ကြိုတင်မြင်နိုင်သည်ဖြစ်စေ မမြင်နိုင်သည် ဖြစ်စေ) ကတ်ကိုင်ဆောင်သူ၏ဂုဏ်သိက္ခာ၊ အကျင့်စရိုက်နှင့်ဂုဏ်သတင်းတို့ကိုထိခိုက်မှု အတွက်

**၁၂။ ဆင့်ပွားကတ်**

၁၂.၁။ကတ်ကိုင်ဆောင်သူမှတောင်းခံပါကဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အနေဖြင့် ဆင့်ပွားကတ်အဖွဲ့ဝင်သို့ ဆင့်ပွားကတ်ကိုထုတ်ပေးနိုင်သည်။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် မှ ဆင့်ပွားကတ်ထုတ်ပေးပါက ဤသဘောတူစာချုပ်ပါ စည်းမျဉ်းများအားလုံးသည် ဆင့်ပွားကတ် အဖွဲ့ဝင်နှင့်သက်ဆိုင်မည်ဖြစ်ပြီး လိုအပ်ပါက ဤအပိုဒ်အတိုင်းသက်ရောက်မှုရှိစေရန် ဤသဘောတူစာချုပ်ကို ပြုပြင်မွမ်းမံမည်ဖြစ်သည်။

၁၂.၂။ အကြွေးဝယ်ကတ်ကိစ္စရပ်တွင် ကတ်စာရင်းနှင့်စပ်လျဉ်း၍ အကြွေးကန့်သတ်ချက်သည် မူလကတ် အဖွဲ့ဝင်နှင့် ဆင့်ပွားကတ် အဖွဲ့ဝင်နှစ်ဦးစလုံးနှင့် သက်ဆိုင်သည့် ပေါင်းစပ်ထားသည့် ကန့်သတ်ချက် ဖြစ်သည်။ အကြွေးကန့်သတ်ချက်နှင့်ပတ်သက်၍ မူလကတ်အဖွဲ့ဝင်က ဆင့်ပွားကတ် အဖွဲ့ဝင်ကို အသိပေးရမည်။ အကြွေးကန့်သတ်ချက်ထက်ကျော်လွန်သွားပါက မူလကတ် အဖွဲ့ဝင်တွင် တာဝန်ရှိသည်။

၁၂.၃။ **ကတ်ကိုင်ဆောင်သူတို့နှစ်ဦးစလုံးထံ အကြောင်းကြားချက်များနှင့် ဆက်သွယ်ချက်**

၁၂.၃.၁။ ဆင့်ပွားကတ် အပါအဝင် အဆို ဆင့်ပွားကတ် နှင့်သက်ဆိုင်သော PIN နှင့် ဆက်သွယ်ချက် အားလုံးကို မူလကတ် အဖွဲ့ဝင်ထံသို့ ပေးပို့မည်ဖြစ်သည်။

၁၂.၃.၂။ မူလကတ် အဖွဲ့ဝင်ထံဖြစ်စေ၊ ဆင့်ပွားကတ် အဖွဲ့ဝင်ထံဖြစ်စေ ပေးပို့ထားသော သတိပေးချက်များနှင့် ဆက်သွယ်ချက်တို့ကို ကတ်ကိုင်ဆောင်သူတို့ နှစ်ဦးစလုံးထံသို့ ပေးပို့သည်ဟု မှတ်ယူရမည်။

၁၂.၄။ **ဆင့်ပွားကတ် အဖွဲ့ဝင် နှင့်သက်ဆိုင်သော တာဝန်ခံရမှု**

၁၂.၄.၁။ မူလကတ်အဖွဲ့ဝင် နှင့် ဆင့်ပွားကတ် အဖွဲ့ဝင်(များ) တစ်ဦးချင်း အနေဖြင့် ကတ်ကိုင်ဆောင်သူတို့ထဲမှ တစ်ဦးဦး (ခွင့်ပြုထားသောပုဂ္ဂိုလ်အပါအဝင်) မှ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် က ပေးထားသည့် ညွှန်ကြားချက်များ အတိုင်း လိုက်နာမည်ဟု သဘောတူသည်။

၁၂.၄.၂။ မူလကတ်အဖွဲ့ဝင်အနေဖြင့် ဆင့်ပွားကတ်အဖွဲ့ဝင်တစ်ဦးချင်းစီ၏ ကတ်များ၊ ကတ်စာရင်း၊ ကတ်အားလုံး နှင့်ပတ်သက်၍ တာဝန်ခံရမှုများအတွက် တာဝန်ယူရမည်ဖြစ်ပြီး ဆင့်ပွားကတ်တစ်ခုချင်းစီနှင့် စပ်လျဉ်းသော တာဝန်ခံရမှုများ အတွက် ဆင့်ပွားကတ် အဖွဲ့ဝင်နှင့် ပူးတွဲ၊ တစ်ဦးချင်း တာဝန်ခံရမည်။

၁၂.၄.၃။ အသုံးပြုသူလမ်းညွှန်နှင့်အတူ ဤစည်းကမ်းသတ်မှတ်ချက်များအရ ကတ်အသုံးပြုမှုအတွက် ဆင့်ပွားကတ် အဖွဲ့ဝင်တစ်ဦးချင်းစီက တာဝန်ယူရမည်။

၁၂.၄.၄။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်အား ပေးရမည့် တာဝန်ခံရမှုများသည် မူလကတ်အဖွဲ့ဝင်နှင့် ဆင့်ပွားကတ်အဖွဲ့ဝင် တစ်ဦးဦးကြား ဖြစ်ပွားသော ငြင်းဆန်တောင်းဆိုမှု၊ အငြင်းပွားမှုတို့ကြောင့် ထိခိုက်ခြင်း သို့မဟုတ် ဆုံးရှုံးခြင်းတို့မရှိရပါ။

၁၂.၄.၅။ ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ မူလကတ်အဖွဲ့ဝင် သို့မဟုတ် ဆင့်ပွားကတ်အဖွဲ့ဝင်တစ်ဦးဦးအား တာဝန်ခံရမှုတစ်ခုခုအား စွန့်ပစ်ခြင်း သို့မဟုတ် မသက်ဆိုင်ကြောင်း ကြေငြာပါက ယင်းကြေငြာချက်သည် အခြားကတ်ကိုင်ဆောင်သူတစ်ဦးဦး၏ တာဝန်ခံရမှုများနှင့် တာဝန်ဝတ္တရားများကို ထိခိုက်ခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးခြင်းမရှိစေရ။

## ၁၂.၅။ **ပေးချေမှုများအသုံးပြုခြင်း**

ပေးချေမှုများကို မူလကတ်အဖွဲ့ဝင်၏ ကတ်စာရင်းရှိ ပေးရန်တာဝန်များကို လျော့ချမည် သို့မဟုတ် ဆင့်ပွားကတ် အဖွဲ့ဝင်၏ ကတ်စာရင်းရှိ ပေးရန်တာဝန်များကို လျော့ချမည်ကို ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် ဦးစားပေး အစီအစဉ်နှင့် ဘဏ်မှ သင့်လျော်သည်ဟု ယူဆသောပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

## ၁၂.၆။ **ခုနှိမ်ပိုင်ခွင့်**

ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် ကတ်စာရင်းကို မူလကတ်အဖွဲ့ဝင်က ထိန်းသိမ်းထားသော စာရင်းနှင့်အတူ ပေါင်းစပ်ခြင်း သို့မဟုတ် ပေါင်းစည်းခြင်းနှင့် မူလကတ်အဖွဲ့ဝင်နှင့် ဆင့်ပွားကတ်အဖွဲ့ဝင်တို့မှပေးထားသောငွေများ (Credit Balance)ကို (အချိန်ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ) ပေးရန်တာဝန်များနှင့် ခုနှိမ်နိုင်သည်။

၁၂.၇။ **တစ်ဖက်ဖက်မှ နောက်ဆက်တွဲကတ်ကို အဆုံးသတ်ခြင်း**

မူလကတ်အဖွဲ့ဝင်၊ ဆင့်ပွားကတ်အဖွဲ့ဝင် နှင့် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် ဤသဘောတူစာချုပ်ပါ စည်းမျဉ်းများနှင့်အညီ နောက်ဆက်တွဲကတ် အသုံးပြုမှုကို မည်သည့်အချိန်တွင်မဆို အဆုံးသတ်နိုင်သည်။

## ၁၃။ ငွေသားထုတ်ယူမှု

ငွေသားထုတ်ယူမှုအတွက် ကတ်ကိုင်ဆောင်သူကတ်ကိုအသုံးပြုနိုင်သည်။ ငွေသားကြိုတင်ထုတ်ယူမှု အခကြေးငွေကို ပေးရနိုင်သည်။ ငွေထုတ်စက်၌ လုပ်ငန်းကိစ္စမပြီးစီးလျှင် ကတ်ကိုင်ဆောင်သူ၏ အသိအမှတ်ပြု သက်သေကို တောင်းခံနိုင်သည်။ ငွေသားထုတ်ယူမှုများသည် တစ်ကြိမ်ထုတ်ယူမှု ကန့်သတ်ချက်ပမာဏနှင့် တစ်နေ့တာ ထုတ်ယူမှု ကန့်သတ်ချက်ပမာဏများအတိုင်း ထုတ်ယူရမည်။ တစ်ကြိမ်ထုတ်ယူမှု ကန့်သတ်ချက်ပမာဏသည် ဘဏ္ဍာရေး အဖွဲ့အစည်းများကြား ကွဲပြားမှုရှိသကဲ့သို့ အခါအားလျော်စွာလည်း ကွဲပြားမှုရှိနိုင်သည်။ တစ်နေ့တာ ထုတ်ယူမှု ကန့်သတ်ချက်ပမာဏသည် ကတ်ကိုင်ဆောင်သူကိုသီးခြား သတ်မှတ်မှုမရှိဘဲ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှ ဆုံးဖြတ်မည်ဖြစ်ပြီး မည်သည့်အချိန်တွင်မဆို ကတ်ကိုင်ဆောင်သူကို အသိပေးခြင်းမရှိဘဲ ဘဏ်၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ကွဲပြားနိုင်သည်။ တစ်နေ့တာထုတ်ယူမှုကန့်သတ်ချက် ပမာဏကို ရေဝတီဘဏ် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် ကို ဆက်သွယ်ခြင်းဖြင့် သိရှိနိုင်သည်။

## ၁၄။ ATM သုံးစွဲမှု

ကတ်ကို လျှို့ဝှက် PIN ၏အကူအညီဖြင့် ATM တည်နေရာများ၌အသုံးပြုနိုင်သည်။ PIN အသုံးပြုမှုဖြင့် လုပ်ဆောင်သော လုပ်ငန်းကိစ္စအားလုံးသည် ကတ်ကိုင်ဆောင်သူ၏ တာဝန်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူအနေဖြင့် စာရင်း (များ)ရှိ လက်ကျန်ငွေပမာဏ မည်မျှပင်ရှိစေကာမူ ဘဏ်မှဆုံးဖြတ်သည့်အတိုင်း တစ်ကြိမ်ထုတ်ယူမှု ကန့်သတ်ချက်ပမာဏနှင့် တစ်နေ့တာထုတ်ယူမှု ကန့်သတ်ချက်ပမာဏများအတိုင်း ထုတ်ယူရမည်ဟု သဘောတူသည်။ ဤကန့်သတ်ချက် ပမာဏကို အခါအားလျော်စွာကြေငြာမည်ဖြစ်သည်။ ဤကန့်သတ်ချက်အား ချိုးဖောက်ရန် ကြိုးစားမှုတစ်ခုခုသည် ယင်းကတ်အားအသုံးပြုမှု ကို ရုပ်သိမ်းစေနိုင်သည်။ ကတ်ကိုင်ဆောင်သူအနေဖြင့် ATM မှ တဆင့် လုပ်ငန်းကိစ္စ ပြီးစီးသောအခါ ၎င်းအနေဖြင့် လက်ခံထုတ်ထားသော လုပ်ငန်းကိစ္စမှတ်တမ်းကို ရ ယူနိုင်သည်။ ဆိုလိုသည်မှာ ပြေစာ ATM ဖြတ်ပိုင်း၊ ကတ်ကိုင်ဆောင်သူက ၎င်း၏ကတ်ကိုအသုံးပြုသောအခါ ဤ ATM

ပြေစာပေါ်တွင်ရရှိသည့် ငွေကြေးပမာဏကို ပြသထားသည်။ ကတ်ကိုင်ဆောင် သူများအား ATM ဖြင့် လုပ်ဆောင်သော လုပ်ငန်းကိစ္စများ၏ မှတ်တမ်းကိုရယူရန်အကြံပြုသည်။ စာရင်းထဲတွင်ပြည့်စုံသော ငွေကြေးမရှိပါကကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကို အသုံးပြု၍ ငွေထုတ်ယူမှု မကြိုးစားရန် သဘောတူသည်။ လုံလောက်သော စာရင်းလက်ကျန်ပမာဏရှိရန်တာဝန်မှာ ကတ်ကိုင်ဆောင်သူအပေါ်၌သာလျှင် အပြည့်အဝရှိ သည်။

**၁၅။ ကုန်သည် တည်နေရာသုံးစွဲမှု**

ဘဏ်အမှတ်တံဆိပ်နှင့်/သို့မဟုတ် ဘဏ်မှအသိအမှတ်ပြုသော အခြားအေဂျင်စီများ၏ အမှတ်တံဆိပ်ပြသသော မြန်မာနိုင်ငံနှင့်နိုင်ငံရပ်ခြားရှိ POS ရှိသောကုန်သည်လုပ်ငန်းများတွင် ကတ်ကိုလက်ခံသည်။ POS မှ အီလက်ထရောနစ်နည်းဖြင့် ပရင့်ထုတ်ပေးသည့် အဖိုးအခ ပြေစာ/အရောင်းပြေစာများကဲ့သို့ ကတ်သည် အီလက်ထရောနစ်အသုံးပြုရန်အတွက်သာဖြစ်သည်။ ကုန်သည်လုပ်ငန်းတွင်ကတ်ကိုအသုံးပြုသည့်အခါတိုင်း၌ ကတ်ကိုင်ဆောင်သူမှ အရောင်းပြေစာတွင်လက်မှတ်ရေးထိုး၍ မိတ္တူကိုထိန်းသိမ်းထားသင့်သည်။ အရောင်းပြေစာ မိတ္တူများအတွက် ဘဏ်မှ နောက်ဆက်တွဲ အဖိုးအခများကို တောင်းခံနိုင်သည်။ ကတ်ကိုင်ဆောင်သူမှ ကိုယ်တိုင် လက်မှတ်ထိုးထားခြင်းမရှိသော်လည်း အရောင်းပြေစာကို ကတ်ကိုင်ဆောင်သူမှ ခွင့်ပြုထားသည်ဟု သက်သေပြနိုင်လျှင်ယင်းအပေါ်တာဝန်ခံရပါမည်။ POS Terminal အမျိုးအစားပေါ်မူတည်၍ ကတ်ကိုင်ဆောင်သူမှ လက်မှတ်ထိုး၍သော်လည်းကောင်း POS Terminal တွင် PINနံပါတ်နှိပ်၍ သော်လည်းကောင်း ကတ်ကို အသုံးပြုနိုင်သည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများအပါအဝင် ကုန်သည်နှင့် ကတ်ကိုင် ဆောင်သူအကြား အရောင်းအဝယ်ကိစ္စလုပ်ငန်းများနှင့် အခြားမည်သည့်ကိစ္စရပ်ကိုမျှ ဘဏ်မှတာဝန်ယူမည် မဟုတ်ပါ။ ကုန်သည်လုပ်ငန်းတစ်ခုခုနှင့် စပ်လျဉ်း၍ ကတ်ကိုင်ဆောင်သူမှ မကျေနပ်ချက်များရှိသည့်ကိစ္စတွင် အဆိုပါကုန်သည်လုပ်ငန်း နှင့် ကတ်ကိုင်ဆောင်သူတို့က ကိစ္စရပ်ကို ဖြေရှင်းရမည်ဖြစ်သည်။ အကယ်၍ မပြေလည်ခဲ့သော် ကတ်ကိုင်ဆောင်သူ၏ နစ်နာချက်များကို ဘဏ်မှဖြည့်စွမ်းပေးရန် တာဝန်မရှိပါ။ သို့သော်လည်း ကတ်ကိုင်ဆောင်သူမှ ဤမကျေနပ်ချက်ကို ဘဏ်သို့ချက်ချင်းအကြောင်းကြားရမည်။ ဘဏ်အနေဖြင့် ကုန်သည် လုပ်ငန်းက ကိစ္စတစ်ခုဖြင့် စည်းကြပ်သော အပိုကြေးများနှင့် လုပ်ငန်းကိစ္စပမာဏအား ကတ်နှင့် ချိတ်ဆက်ထားသော စာရင်းသို့ ငွေသွင်းထားသော အပိုကြေးများအတွက် တာဝန်မယူပါ။ ကတ်ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်း သို့မဟုတ် အတုပြုလုပ်၍ လိမ်လည်အသုံးပြုခြင်းကိစ္စရပ်မှအပပေးချေမှု သို့မဟုတ် ဝန်ဆောင်ခများ အတွက် ကုန်သည်လုပ်ငန်း ကိစ္စတစ်ခုမှတောင်းဆို၍ ဘဏ်ကပေးချေမှုအတွက် ရရှိထားသည့် ငွေတောင်းခံလွှာ သည် ကတ်ကိုင်ဆောင်သူနှင့် ကုန်သည်လုပ်ငန်းကြား သင့်လျော်မှန်ကန်စွာ ဆောင်ရွက်ထားကြောင်း သက်သေပြရန် လိုအပ်သည်။

ယင်းသက်သေပြချက် တောင်းဆိုရန်မှာ ကတ်ကိုင်ဆောင်သူ၏ တာဝန် ဖြစ်သည်။ အကယ်၍ကတ်ကိုင်ဆောင်သူ အနေဖြင့် အမှားတစ်ခု သို့မဟုတ် ကုန်စည်ပြန်အပ်မှုကြောင့် ပြီးမြောက်ထားသော လုပ်ငန်းကိစ္စကို ဖျက်သိမ်းရန် ဆန္ဒရှိပါက ကုန်သည်အနေဖြင့်အစောပိုင်း အရောင်းပြေစာကို ဖျက်သိမ်းပြီး ကတ်ကိုင်ဆောင်သူမှ ဖျက်သိမ်းထားသည့် အရောင်းပြေစာမိတ္တူကို ထိန်းသိမ်းထားရမည်။ အကယ်၍ ယင်းကဲ့သို့ လုပ်ငန်းကိစ္စကြောင့် သွင်းငွေ စာရင်းဖျက်ခြင်း / ပြန်အမ်းရခြင်း ဖြစ်ပေါ်ပါက တောင်းခံသည့်အခါ ယင်းကဲ့သို့ လုပ်ငန်း ကိစ္စဝန်ဆောင်ခ ပြေစာ/ အရောင်းပြေစာကို ကတ်ကိုင်ဆောင်သူက ထုတ်ပေး ရန်လိုအပ်သည်။ ကတ်ကို ဟိုတယ် Check-In တွင် စာရင်းပေးသွင်းရန်အသုံးမပြုရပါ။ ထို့အပြင် ဝယ်ယူမှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုမပြီး မြောက်ခင် ပေးချေမှု အစီအစဉ်ပြုလုပ်သည့် အခြားနေရာများ တွင် လည်း အသုံးမပြုရပါ။

**၁၆။ အင်တာနက်ဝက်ဆိုဒ်သုံးစွဲမှု**

ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်ကို မြန်မာနိုင်ငံအတွင်းဝက်ဆိုဒ်များနှင့် ကတ်အဖွဲ့အစည်း၏အမှတ်တံဆိပ်ပါ ရှိသော နိုင်ငံခြားဝက်ဆိုဒ်များ၊ အင်တာနက်ဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူရန် ကမ်းလှမ်းသည့် အထောက်အပံ့များရှိသည့် အင်တာနက်ဝက်ဆိုဒ်များတွင် ကတ်ကို အသုံးပြုနိုင်သည်။ လုပ်ငန်းကိစ္စ ငွေကြေး ပမာဏကို ကတ်နှင့်ချိတ်ဆက်ထားသော စာရင်းမှချက်ချင်းပေးသွင်းသည်။ ကတ်ကို ကတ်နံပါတ်၊ CVV2 လုံခြုံရေးဂဏန်းများ၊ အင်တာနက်ဝက်ဆိုဒ် အနောက်ဘက်တွင်ပရင့်ထုတ်ထားသော လေးထောင့်ကွက် တန်ဖိုးများ၏ အကူအညီဖြင့် အသုံးပြု၍ရသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများအပါအဝင် ကတ်ကိုင်ဆောင်သူ၏ အင်တာနက်မှတဆင့် လုပ်ဆောင်သော အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ချက်များအတွက် ဘဏ်မှ တာဝန်ယူမည်မဟုတ်ပါ။

အင်တာနက် ဝက်ဆိုဒ်မှတဆင့် လုပ်ဆောင်သော လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ ကတ်ကိုင်ဆောင်သူအနေဖြင့် တစ်စုံတစ်ရာမကျေနပ်ချက်ရှိပါက ကုန်သည် နှင့် ဖြေရှင်းရမည်ဖြစ်သည်။ မဖြေရှင်းနိုင်၍ ဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ဘဏ်မှဖြည့်စွမ်းပေးမည် မဟုတ်ပါ။ သို့ရာတွင် ကတ်ကိုင်ဆောင်သူအနေဖြင့် မကျေနပ်ချက်ကို ဘဏ်သို့ ချက်ချင်း အကြောင်းကြားရမည်။ ဘဏ်အနေဖြင့် အင်တာနက်ဝက်ဆိုဒ်မှ စည်းကြပ်သော အပိုကြေးများ နှင့် လုပ်ငန်းကိစ္စ ပမာဏနှင့် အတူကတ်ကိုင်ဆောင်သူစာရင်းသို့ကျခံစေသည့် အလားတူအရာများအတွက် တာဝန်ယူမည် မဟုတ်ပါ။ ကတ်ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်း သို့မဟုတ် အတုပြုလုပ်၍ လိမ်လည်အသုံးပြု ခြင်းကိစ္စရပ်မှ အပပေးချေမှု သို့မဟုတ် ဝန်ဆောင်ခများအတွက် အင်တာနက်ဝက်ဆိုဒ်မှ တောင်းဆို၍ ဘဏ်က ပေးချေမှုအတွက် ရရှိထားသည့် ငွေတောင်းခံလွှာသည် ကတ်ကိုင်ဆောင်သူနှင့် အင်တာနက်ဝက်ဆိုဒ်ကြား သင့်လျော်မှန်ကန်စွာ

ဆောင်ရွက် ထားကြောင်း သက်သေပြရန်လိုအပ်သည်။ ယင်းသက်သေပြချက် တောင်းဆိုရန်မှာ ကတ်ကိုင်ဆောင်သူ၏ တာဝန်ဖြစ်သည်။ အကယ်၍ အမှားတစ်ခု သို့မဟုတ် ကုန်စည် ပြန်အပ်မှုကြောင့် ပြီးမြောက်ထားသော လုပ်ငန်းကိစ္စကို ကတ်ကိုင်ဆောင်သူက ဖျက်သိမ်းလိုပါက အင်တာနက်ဝက်ဆိုဒ်၌ အစောပိုင်းလုပ်ငန်းကိစ္စကို ဖျက်သိမ်း၍ ဖျက်သိမ်းထားသောအီလက်ထရောနစ်ပြေစာမိတ္တူကို ကတ်ကိုင်ဆောင်သူလက်ဝယ် ထိန်းသိမ်းထားရမည်။ ယင်းကဲ့သို့ လုပ်ငန်းကိစ္စများကြောင့် သွင်းငွေများအား စာရင်းဖျက်ခြင်း/ပြန်အမ်းခြင်းတို့ကိုလက်ရေးမှုဖြင့်လုပ်ဆောင်ရမည် ဖြစ်ပြီး ဖျက်သိမ်းထားသောပြေစာ၏ အီလက်ထရောနစ်မိတ္တူကို တောင်းခံပါက ကတ်ကိုင်ဆောင်သူက ထုတ်ပေးရန် လိုအပ်သည်။ ကတ်ကို စာဖြင့်မှာကြားခြင်း/ဖုန်းဖြင့်မှာကြား ဝယ်မှုများအတွက် အသုံးမပြုသင့်ပါ၊ ယင်းကဲ့သို့ အသုံးပြုမှုကို ခွင့်မပြုဟုယူဆပြီး ယင်းကဲ့သို့အသုံးပြုမှုအတွက် ကတ်ကိုင်ဆောင်သူ တစ်ဦးတည်းသာလျှင် တာဝန်ရှိသည်။ ဤသတ်မှတ်ချက်များအပြင် အင်တာနက်ဘဏ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက် များကိုလည်း ကတ်ကိုင်ဆောင်သူမှ သဘောတူသည်။

**၁၇။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ**

ဤဝန်ဆောင်မှုကို ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် က ဆောင်ရွက်ပေးနေစဉ်ကာလ အတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေး ပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့် ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေး ပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသော မလွန်ဆန်နိုင်သော ဖြစ်ရပ်များသာ ဖြစ်သည်ဟု ကန့်သတ်ထားမှုမရှိသော်လည်း ယင်းတို့အပါအဝင် ဖြစ်ပြီး ရေဝတီဘဏ် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ကျိုးကြောင်းဆီလျော်စွာထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့်ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့်မည်သည့်လုပ်ငန်းဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ် ခြင်းများအတွက်မဆို ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်တွင် တာဝန်မရှိကြောင်းကို ကတ်ကိုင်ဆောင်သူမှနားလည်သဘောတူပါသည်။ ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ယင်းသို့သောအခြေအနေများကြောင့် အပယ်နှံ့အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းများ ကြုံတွေ့နေရသည့် အတိုင်းအတာအပေါ်မူတည်၍အဆိုပါအခြေအနေများပြီးဆုံးသွားသည့်အချိန်အထိရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် က ပေးနေသည့် ဤဝန်ဆောင်မှုအား ဆိုင်းငံ့ထားမည်ဖြစ်သည်။

ထိုသို့သောအခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ် ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသောတာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် ကတ်ကိုင်ဆောင်သူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်းသို့မဟုတ် ဤစည်းကမ်းသတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရပါ။

**၁၈။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ**

၁၈.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၄င်းတို့ပါဝင်သည့် Transaction များ ပြုလုပ်ခြင်းများမှ ရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အား တားဆီးပိတ်ပင်မှု ပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေများကို ရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က လိုက်နာရပါသည်။

၁၈.၂။ ရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ၄င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့များအား ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စီးပွားကုန်သွယ်မှု ပိတ်ဆို့အရေးယူမှုများကို စီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသော ဥပဒေ စည်းမျဉ်းများနှင့်မဆို ကိုက်ညီမှုရှိစေရေးအတွက် လိုအပ်သည့် သတင်းအချက်အားလုံးကို ကတ်ကိုင်ဆောင်သူက ပေးအပ်ရမည်။

၁၈.၃။ မည်သည့် Transaction မျိုးအတွက်မဆို ရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ဆောင်ရွက်ပေးသည့်လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့် နိုင်ငံမဆို၏ ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှုမရှိကြောင်း ကတ်ကိုင်ဆောင်သူက ထုတ်ဖော် ကြေညာပြီးတာဝန်ယူသည်။

## ၁၉။ အထွေထွေ

### ၁၉.၁။ **ရိုးသားဖြောင့်မတ်စွာ လုပ်ဆောင်မှုများ**

ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အနေဖြင့် လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ အရ ကတ်ကိုင်ဆောင်သူ သို့မဟုတ် ခွင့်ပြုထားသည့် ပုဂ္ဂိုလ်၏ညွှန်ကြားချက်များကို ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်သွားပါမည်။

၁၉.၂။ ရေဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေဖြင့် အချိန်တိုင်းတွင် နောက်ဆုံးပေါ် အခြေအနေများနှင့်စပ်လျဉ်း၍ အသိပေးချက်နှင့် အခြားဆက်သွယ်ချက်များ ကတ်ကိုင်ဆောင်သူကို ပေးပို့နိုင်ရန်အတွက် ကတ်ကိုင်ဆောင်သူ၏ ကိုယ်ပိုင်အထောက်အထားနှင့် အဆက်အသွယ် အသေးစိတ်ကို ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ထံ ပေးရမည်။ ကတ်ကိုင်ဆောင်သူ နာမည် အပြောင်းအလဲ သို့မဟုတ် အဆက်အသွယ် အသေးစိတ် အပြောင်းအလဲတိုင်း အတွက် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သို့ ချက်ချင်း အကြောင်းကြား၍ ပြောင်းလဲမှုတရားဝင်စေရန် သင့်လျော်သည့် အချိန်ကို ရေဝတီဘဏ်ကိုပေးရမည်။

### ၁၉.၃။ **ကတ်ကိုင်ဆောင်သူ၏ အဆက်အသွယ်အသေးစိတ်**

ကတ်ကိုင်ဆောင်သူစာရင်းများနှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကတ်ကိုင်ဆောင်သူကို အသိပေးချက်နှင့် အခြားဆက်သွယ်ချက် များပေးပို့နိုင်စေရန် အတွက် ကတ်ကိုင်ဆောင်သူ၏ ကိုယ်ပိုင်အထောက်အထားနှင့် အဆက်အသွယ်အသေးစိတ်ကို ရေဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ထံပေးရမည်။ ကတ်ကိုင်ဆောင်သူ၏ ကိုယ်ပိုင်အထောက်အထားနှင့် အဆက်အသွယ် အသေးစိတ်တို့သည် အချိန်တိုင်း မှန်ကန်စေရန် ကတ်ကိုင်ဆောင်သူမှ လုပ်ဆောင်ရမည်။ ကတ်ကိုင်ဆောင်သူ နာမည်အပြောင်းအလဲ သို့မဟုတ် အဆက်အသွယ်အသေးစိတ် အပြောင်းအလဲတိုင်းအတွက် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ထံ ချက်ချင်းအကြောင်းကြား၍ ပြောင်းလဲမှုတရားဝင်စေရန် သင့်လျော်သည့်အချိန်၌ ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ကို ပေးရမည်။

၁၉.၄။ **အကြောင်းကြားစာများနှင့် ဆက်သွယ်ရေး**

ကတ်ကိုင်ဆောင်သူနှင့် ပတ်သက်သော အကြောင်းကြားချက်များနှင့် ဆက်သွယ်ချက်များကို ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် မှ သင့်လျော်သည်ဟုယူဆသော အခြေအနေဖြင့်နောက်ဆုံး သိထားသော ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှတ်တမ်းများရှိ လိပ်စာ၊ ဖက်စ် နှင့်/သို့မဟုတ် ဖုန်းနံပါတ် သို့မဟုတ် အီးမေးလ်လိပ်စာသို့ ဝန်ဆောင်မှုများမှ တစ်ဆင့်ပေးပို့မည်ဖြစ်သည်။ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ဘဏ်ခွဲများ၌ အကြောင်းကြားစာများ သို့မဟုတ် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ ATM များ သို့မဟုတ် ဝက်ဆိုဒ် သို့မဟုတ် ကတ်ကိုင်ဆောင်သူထံပေးပို့သော စာရင်းများရှင်းတမ်း သို့မဟုတ် နေ့စဉ်သတင်းစာ သို့မဟုတ် ရေဒီယို သို့မဟုတ်ရုပ်မြင်သံကြားထုတ်လွှင့်မှုများမှတဆင့်ကတ်ကိုင်ဆောင်သူကိုအကြောင်းကြားဆက်သွယ်နိုင်သည်။

၁၉.၅။ **ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏အကြောင်းကြားချက်နှင့်ဆက်သွယ်ရေး အသက်ဝင်သောအချိန်**

စာဖြင့် သီးသန့်ရေးသားဖော်ပြထားခြင်းမရှိပါက ကတ်ကိုင်ဆောင်သူနှင့်ဆိုင်သော ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ အကြောင်းကြားချက်များနှင့် ဆက်သွယ်ချက်များ အသက်ဝင်သည်မှာ

၁၉.၅.၁။မြန်မာနိုင်ငံအတွင်းလိပ်စာတခုကိုစာတိုက်ဖြင့်ပို့ပါကပို့သည့်ရက်မှနောက်လုပ်ငန်းရက်(၅)ရက်

၁၉.၅.၂။ ဖက်စ်၊ အီလက်ထရောနစ်မေးလ် သို့မဟုတ် SMS ဖြင့်ပေးပို့ပါကပေးပို့သည့်အချိန်

၁၉.၅.၃။ အိမ်တိုင်ရာရောက်ပေးပို့ပါက ပေးပို့သည်အချိန် သို့မဟုတ် လိပ်စာမှထွက်ခွာသည့်အချိန်

၁၉.၅.၄။ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ ဘဏ်ခွဲများ သို့မဟုတ် ATM သို့မဟုတ် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ ဝက်ဆိုဒ်တွင် ပြသထားပါက တင်ပြသည့် နေ့စွဲ

၁၉.၅.၅။ ရေဒီယို သို့မဟုတ် တီဗွီမှထုတ်လွှင့်ပါက ထုတ်လွှင့်သည့် နေ့စွဲ

ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်အနေဖြင့် ပို့ပြီးသောအကြောင်းကြားချက်များ သို့မဟုတ် ဆက်သွယ်ချက်များနှင့်ပတ်သက်၍ ဖြစ်ပွားသောအရာများ အတွက် တာဝန်ယူမည်မဟုတ်ပါ၊ ဥပမာ အကြောင်းကြားချက် သို့မဟုတ် ဆက်သွယ်ချက် သည် နောက်ကျနေခြင်း၊ ကြားဖြတ်ယူခံရခြင်း၊ ဆုံးရှုံးခြင်း၊ မရောက်ရှိခြင်း သို့မဟုတ် ပေးပို့စဉ် တစ်ဦးဦး ထံ ဖော်ပြခြင်း

၁၉.၆။ **မှတ်တမ်းတင်ခြင်း**

ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် အနေဖြင့် သတိပေးအချက်ပေးသံဖြင့်ဖြစ်စေ မပါဘဲဖြစ်စေ ညွှန်ကြားချက်နှင့် အခြားတယ်လီဖုန်းပြောဆိုချက်များကို မှတ်တမ်းတင်နိုင်ပြီး ယင်းကဲ့သို့ မှတ်တမ်းတင်ခြင်း သို့မဟုတ် မှတ်တမ်း ပြုလုပ်ခြင်းများကို ညွှန်ကြားချက်နှင့် တယ်လီဖုန်း စကားပြောဆိုမှု၏ ခိုင်မာသော သက်သေအထောက်အထားအဖြစ် အသုံးပြုနိုင်သည်ကို ကတ်ကိုင်ဆောင်သူမှ သဘောတူသည်။

၁၉.၇။ **ငွေလက်ခံသူအဖွဲ့အစည်း**

၁၉.၇.၁။ ကတ်ကိုင်ဆောင်သူအနေဖြင့် ငွေလက်ခံသူအဖွဲ့အစည်း သို့မဟုတ်အခြားသူများနှင့် မကျေနပ်ချက် တစ်စုံတစ်ရာကို ၎င်းတို့နှင့်တိုက်ရိုက် ဖြေရှင်းရပါမည်။ ကတ်ကိုင်ဆောင်သူ အနေဖြင့် ၎င်းတို့ထံတောင်းဆိုသောငွေပမာဏကို ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ထံ ခုနှိမ်ခွင့် မရှိပါ။

၁၉.၇.၂။ ကတ်ကိုင်ဆောင်သူအနေဖြင့် ပေးချေမှုတစ်ခုခုနှင့်စပ်လျဉ်း၍ ငွေလက်ခံသူအဖွဲ့အစည်းနှင့် အငြင်းပွားမှုတစ်စုံတစ်ရာရှိပါက လုပ်ငန်းကိစ္စအတွက် ငွေပြန်အမ်းမှုကို ငွေလက်ခံသူ အဖွဲ့အစည်းက ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ထံပေးချေမှုပြီးမှသာကတ်ကိုင်ဆောင်သူထံ သို့ ပေးချေမှုပြုလုပ်ပေးမည်ဖြစ်သည်။

၁၉.၈။ **ခုနှိမ်ပိုင်ခွင့်**

၁၉.၈.၁။ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင် ရှိသော အထွေထွေဥပဒေ အခွင့်အရေးများအပြင် ကတ်ကိုင်ဆောင်သူထံမှ ကြိုတင်ရည်ညွှန်းချက်မယူဘဲ ကတ်ကိုင်ဆောင်သူ စာရင်းများ (ကတ်စာရင်းများအပါအဝင်) (တစ်ဦးချင်းဖြစ်စေ ပူးပေါင်း၍ဖြစ်စေ၊ မည်သည့် ပုံစံဖြင့် ဖြစ်စေ၊ တစ်ဦးတည်း လုပ်ငန်းပိုင်ဆိုင်မှု ကုန်သွယ်ရေးအမည် မည်သို့ပုံစံဖြင့်ဖြစ်စေ) သို့မဟုတ်

ကိန်းဂဏန်းများကို ပေါင်းစပ်၊ ပေါင်းစည်းခွင့်ရှိပြီး ပေးရန်တာဝန် ကိုလက်ကျန်ငွေများ (Credit Balance) နှင့် ခုနှိမ်ပိုင်ခွင့်ရှိသည်။

၁၉.၈.၂။ ယင်းကဲ့သို့ ပေါင်းစပ်မှု၊ ပေါင်းစည်းမှုနှင့် ခုနှိမ်မှုသည် ငွေကြေးတစ်ခုမှတစ်ခုသို့ ပြောင်းလဲမှု ပါဝင်သည်ကိုကတ်ကိုင်ဆောင်သူမှသဘောတူသည်။ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ၏ လက်ရှိနှုန်းထားဖြင့် ဘဏ်မှ ဆုံးဖြတ်သည့်အတိုင်း ငွေကြေးတစ်ခုကို အခြားငွေကြေးသို့ ပြောင်းလဲရန် အခွင့်အရေးရှိသည်။ လိုငွေပြခြင်းအတွက် ကတ်ကိုင်ဆောင်သူက ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို ပေးဆပ်ရမည်ဖြစ်ပြီး ပြောင်းလဲမှုမှထွက်ပေါ်လာသော ဆုံးရှုံးမှုနှင့် စွန့်စားမှုများ အတွက် ကတ်ကိုင်ဆောင်သူက တာဝန်ယူရမည်ဖြစ်သည်။

၁၉.၈.၃။ ကျွန်ုပ်တို့သည် မည်သည့်အချိန်တွင်မဆို သင်ပိုင်ဆိုင်ထားသော ငွေစာရင်းများတွင် ရှိသော ငွေများကို အသိပေးအကြောင်းကြားခြင်းမရှိဘဲ ကျွန်ုပ်တို့မှ စာရင်းချေခြင်း (သို့မဟုတ်) သိမ်းယူခြင်း ပြုလုပ်နိုင်သည်။ ထိုသို့ပြုလုပ်ခြင်းမှာ ကတ်ငွေစာရင်း (များ)မှ အချိန်စေ့မြောက်သည် ဖြစ်စေ၊ မစေ့မြောက်သည်ဖြစ်စေ ပြန်လည်ပေးဆောင်ရန်ရှိသည့် ငွေပမာဏကို သင်ဖွင့်လှစ်ထားသော ငွေစာရင်း၏မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ ၊ သင့်အမည်ဖြင့်ဖွင့်လှစ်ထားသည့်ငွေစာရင်းများတွင် စုပေါင်းသိမ်းယူနိုင်မည်ဖြစ်သည်။

၁၉.၉။ **ခိုင်လုံသော သက်သေအထောက်အထား**

၁၉.၉.၁။ သိသာထင်ရှားသောအမှားမရှိပါက ကိစ္စတစ်ခု သို့မဟုတ် ပေးချေရမည့်ပမာဏတစ်ခုနှင့် စပ်လျဥ်း၍ ပုံစံတစ်မျိုးမျိုးဖြင့် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ မှတ်တမ်းများ (စာရွက်၊ အီလက်ထရောနစ် သို့မဟုတ် အခြားပုံစံများ အပါအဝင်)၊ ဘဏ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ် (ရှင်းတမ်း၊ အစီရင်ခံစာ သို့မဟုတ် ဆက်သွယ်ချက်များ အပါအဝင်) သို့မဟုတ် ရေဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် က ပြုလုပ်သော ဆုံးဖြတ်ချက်များသည် ခိုင်လုံသည်။

၁၉.၉.၂။ သက်ဆိုင်ရာဥပဒေက ခွင့်ပြုထားသည့်အချိန်ကာလပြီးနောက် မည်သည့် မှတ်တမ်းကိုမဆို ဖျက်သိမ်းမှု၊ ဖျက်ဆီးမှု သို့မဟုတ် ထိန်းသိမ်းခြင်း ရပ်တန့်မှုတို့ပြုလုပ်နိုင်သည်။

## ၂၀။ ထုတ်ဖော်ပြောဆိုခြင်း

မြန်မာနိုင်ငံ ဥပဒေများအရ ရော၀တီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သည် ကတ်ကိုင်ဆောင်သူများ၏ အသေးစိတ်ကို ထုတ်ဖေါ်ပြောဆိုရန် အခွင့်အရေးရှိသည်။ ဤသဘောတူစာချုပ်အရ ပါရှိသော်ငြား ကတ်ကိုင်ဆောင်သူထံမှ ကြိုတင်ထောက်ခံချက် မတောင်းဘဲ စာရင်းအသေးစိတ် (တစ်ဦးဖြစ်စေအစုစပ်ဖြစ်စေ) ၊ ကတ်ကိုင်ဆောင်သူ၏ အကြွေးရပ်တည်ချက်နှင့် ဘဏ္ဍာရေးအခြေအနေ၊ ကတ်ကိုင်ဆောင်သူကို ခွင့်ပြုထားသော အထောက်အပံ့ သို့မဟုတ် လူသိရှင်ကြားသိနိုင်သော သတင်းအချက်အလက်တို့ အပါအဝင် ကတ်ကိုင်ဆောင်သူနှင့် ခွင့်ပြုထားသည့် ပုဂ္ဂိုလ်နှင့်ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ဖေါ်ပြောဆိုရန် ရော၀တီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ကို သဘောတူခွင့်ပြုသည်။ ယင်းကဲ့သို့ အသေးစိတ်များကို ရော၀တီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ သင့်လျော်သည်၊ လိုအပ်သည် သို့မဟုတ် ဆန္ဒရှိသည်ဟု ယူဆသောအခါ ထုတ်ဖော်ပြောဆိုနိုင်သည်။

၂၀.၁။ ခွင့်ပြုထားသော ပုဂ္ဂိုလ်၊ ဆင့်ပွားကတ်အဖွဲ့ဝင်၊ အလုပ်ရှင်ထံသို့

၂၀.၂။ (ကွာဟချက်များ၊ အမှားများ သို့မဟုတ် တောင်းဆိုချက်များ အပါအဝင်) ဝန်ဆောင်မှုများ ထိန်းသိမ်းပေးရန် အဆင့်မြှင့်တင်ပေးရန်၊ ခေတ်မှီစေရန်၊ ပံ့ပိုးပေးရန်အတွက် ရော၀တီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို အီလက်ထရောနစ် သို့မဟုတ် အခြားဝန်ဆောင်မှုပေးနေသော ပုဂ္ဂိုလ်အဖွဲ့အစည်းများ

၂၀.၃။ ဝန်ဆောင်မှုဆောင်ရွက်ချက်များ သို့မဟုတ် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆောင်ရွက်ချက်များအတွက် ပါဝင်ဆောင်ရွက်သည့် ရော၀တီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် မှ လုပ်ငန်း အပ်နှံထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ

၂၀.၄။ တစ်ဦးချင်းပုဂ္ဂိုလ်ရေးဆိုင်ရာ ချက်လက်မှတ်များ၊ ရှင်းတမ်းများ၊ အကြံပြုစာများ၊ စာအဆက်အသွယ် သို့မဟုတ် အခြားသက်ဆိုင်သည့်စာရွက်စာတမ်းများပုံနှိပ်ရန်အတွက် ရော၀တီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ကိုယ်စားလှယ်များထံသို့

၂၀.၅။ ပြည်သူ့ရဲဌာန သို့မဟုတ် အများပြည်သူဆိုင်ရာစုံစမ်းစစ်ဆေးမှုကိုင်တွယ်ဆောင်ရွက်သူတစ်ဦးဦးထံသို့

၂၀.၆။ အကြွေးဝယ်ကတ် စုံစမ်းမှုများ သို့မဟုတ် ကတ်အသုံးပြုမှုနှင့်စပ်လျဉ်း၍ အကြွေးဝယ်ကတ် ကုမ္ပဏီများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများထံသို့

၂၀.၇။ ကတ်ကိုင်ဆောင်သူနှင့် ခွင့်ပြုထားသောပုဂ္ဂိုလ်နှင့် ပတ်သက်သော ချေးငွေဆိုင်ရာ သတင်းအချက်အလက်အတွက်သာလျှင် အခြားဘဏ်များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ချေးငွေအဖွဲ့ သို့မဟုတ် ချေးငွေထောက်ခံရေး အေးဂျင့်ထံသို့ ဘီလ်ပေးချေမှုနှင့်စပ်လျဉ်း၍ ငွေလက်ခံသူအဖွဲ့အစည်းများ

၂၀.၈။ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ ဘဏ်ခွဲများ၊ ကိုယ်စားလှယ်ရုံးများ၊ လက်အောက်ခံများ၊ သက်ဆိုင်ဆက်နွယ်သောလုပ်ငန်းများ နှင့် ၎င်းတို့၏ဝန်ထမ်းများ၊ ဥပမာ- အရာရှိ၊ အောက်ခြေလုပ်သား သို့မဟုတ် အေးဂျင့်များ

၂၀.၈.၁။ ရှေ့နေများအပါအဝင် စာရင်းစစ်များ ကျွမ်းကျင်အကြံပေးများ

၂၀.၈.၂။ ချေးငွေအထောက်အပံ့နှင့် သက်ဆိုင်သော အမှန်တကယ် သို့မဟုတ် ဖြစ်နိုင်ချေရှိသော လွှဲပြောင်းခံရသူ သို့မဟုတ် လွှဲအပ်ခံရသူများ

၂၀.၈.၃။ ငွေလက်ခံအဖွဲ့အစည်း သို့မဟုတ် ကတ်အသုံးပြုမှုလက်ခံသည့် အခြားပါဝင်သူများ၊ အခြားဘဏ်များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ဘဏ္ဍာရေးမဟုတ်သော အဖွဲ့အစည်းများ၏ ATM အသုံးပြုသောလုပ်ငန်းကိစ္စများနှင့်၎င်းတို့၏အေးဂျင့်များသို့မဟုတ်ကန်ထရိုက်တာများ

၂၀.၈.၄။ ကတ်စာရင်းအတွက် သို့မဟုတ် ကတ်ကိုင်ဆောင်သူက ပေးရမည့် တာဝန်များနှင့် ပေးချေနိုင်သည့် ပမာဏများအတွက် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အတွက် လုံခြုံရေး ပံ့ပိုးရန် သဘောတူထားသော သို့မဟုတ် ပံ့ပိုးလျက်ရှိသော လူပုဂ္ဂိုလ်များ

၂၀.၈.၅။ ကတ်ကိုင်ဆောင်သူ၏ တာဝန်ခံရမှုအတွက် အာမခံပေးသူ သို့မဟုတ် အာမခံအဖြစ် ရပ်တည်သည့် ကတ်ကိုင်ဆောင်သူနှင့် အတူပူးတွဲ၍သော်လည်းကောင်း သီးသန့် သော်လည်းကောင်း တာဝန်ခံရမည့် ပုဂ္ဂိုလ်များ

၂၀.၈.၆။ ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် က ခန့်အပ်သော လက်ခံသူထံသို့

၂၀.၈.၇။ ချေးငွေအကဲဖြတ်ပေးသည့်အေးဂျင့်၊ လုပ်ငန်းမဟာမိတ်ပါတနာ၊ အာမခံကုမ္ပဏီ၊ အာမခံထုတ်ပေးသူ၊ အာမခံပွဲစား သို့မဟုတ် ချေးငွေကာကွယ်မှုအတွက် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ပံ့ပိုးပေးသူထံသို့

၂၀.၈.၈။ အစုရှယ်ယာဈေးကွက်၊ တရားရုံးသို့မဟုတ် တရားရေး ဆောင်ရွက်မှုတွင်ရှိသော အခြား စီရင်ပိုင်ခွင့်အဖွဲ့အစည်းများ၊ ခုံရုံး၊ ဥပဒေအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင် (စီရင်ပိုင်ခွင့်တစ်ခုရှိ

အခွန်အတုတ်အာဏာပိုင်များအပါအဝင်) အစိုးရ သို့မဟုတ် အစိုးရနှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများထံသို့

၂၀.၈.၉။ ဥပဒေများ၊ စည်းမျဥ်းများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များအရ သို့မဟုတ် နိုင်ငံတစ်ခု၏ တရားဝင် အာဏာပိုင်များအရ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် မှ ဖွင့်ပြရန် လိုအပ်သည့်ပုဂ္ဂိုလ်ထံသို့

၂၀.၈.၁၀။ ကတ်နှင့် ကတ်စာရင်း သို့မဟုတ် ကတ်စာရင်းနှင့်သက်ဆိုင်သည့်အခြားအရာများနှင့် စပ်လျဥ်း၍ ကတ်ကိုင်ဆောင်သူကို ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်အတွက် ဧရာဝတီဘဏ်မှ ယင်းကဲ့သို့ ဖွင့်ပြမှုသည် လိုအပ်သည်၊ ဆန္ဒရှိသည်၊ သင့်လျော် သည်ဟု ယူဆသော ပုဂ္ဂိုလ်တစ်ဦးဦးထံသို့

## ၂၁။ လျော်ကြေးငွေ

အောက်ပါအချက်အလက်များနှင့်စပ်လျဉ်း၍ ဧရာဝတီဘဏ်မှ ခံစားရသော ဆုံးရှုံးမှုနှင့် မကျေနပ်မှုများအတွက် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ၎င်း၏ အလုပ်သမားများ၊ ဝန်ထမ်းများ၊ ရွေးချယ်ခံများ၊ ဒါရိုက်တာများနှင့်အေးဂျင့်များကို လျှော်ကြေးပေးရန် (ယင်းကဲ့သို့ ဆုံးရှုံးမှုနှင့်မကျေနပ်မှုများသည် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ၏ဝန်ထမ်းများနှင့် အေးဂျင်များကို ရည်ရွယ်၍ ပြုလုပ်သော အမှား သို့မဟုတ် လျစ်လျူရှုမှုမှ ထွက်ပေါ်လာသည့် ကိစ္စမှအပ) ကတ်ကိုင်ဆောင်သူက သဘောတူသည်

၂၁.၁။ ကတ်စာရင်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ငန်းကိစ္စ

၂၁.၂။ ကတ်ကိုင်ဆောင်သူ သို့မဟုတ် ခွင့်ပြုထားသည့်ပုဂ္ဂိုလ်မှ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို ပေးထားသည့် ညွှန်ကြားချက်များကို လုပ်ဆောင်ရာတွင်၊ ထမ်းရွက်ရာတွင်၊ လုပ်ဆောင်ရန် နှောင့်နှေးခြင်း သို့မဟုတ် ငြင်းဆန်ခြင်း

၂၁.၃။ ကတ်ကိုင်ဆောင်သူ၊ ခွင့်ပြုထားသည့်ပုဂ္ဂိုလ် သို့မဟုတ် လုံခြုံရေးဆောင်ရွက်ပေးသူနှင့် စပ်လျဉ်း၍ ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ ပြုလုပ်သော ရှာဖွေမှုနှင့် စုံစမ်းမှုများ

၂၁.၄။ ကတ်ကိုင်ဆောင်သူနှင့် သက်ဆိုင်သော ဝန်ဆောင်မှုတစ်ခုခု၏ သတ်မှတ်ချက်၊ သို့မဟုတ် ကတ်ကိုင်ဆောင်သူ ဘဏ်လုပ်ငန်းရှင်အနေဖြင့် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ လုပ်ဆောင်မှုစွမ်းရည်

၂၁.၅။ ကြားခံတစ်ဦးဦးမှ ပံ့ပိုးသော ဝန်ဆောင်မှုတစ်ခုခု

၂၁.၆။ ဤသဘောတူစာချုပ်အရ သို့မဟုတ် ကတ်နှင့်စပ်လျဉ်း၍ အခြားသက်ဆိုင်သော စည်းမျဉ်း သတ်မှတ်ချက်များ သို့မဟုတ် ဤစည်းမျဉ်းများကို ကတ်ကိုင်ဆောင်သူ၏ မလိုက်နာမှုမှ ထွက်ပေါ်လာသော ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ အခွင့်အရေးများ ပြဋ္ဌာန်းမှုကို ပျက်ကွက်ခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်း

၂၁.၇။ ကတ်ကိုင်ဆောင်သူ သို့မဟုတ် ကတ်၊ ကတ်စာရင်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ဆက်နွယ်သော ခွင့်ပြုထားသည့်ပုဂ္ဂိုလ်ကို ဆန့်ကျင်၍ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ သို့မဟုတ် တစ်ဦးဦးမှ ကတ်ကိုင်ဆောင်သူအားဆန့်ကျင် တရားစွဲဆိုခြင်း

၂၁.၈။ ကတ်၊ ကတ်စာရင်း သို့မဟုတ် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ သို့မဟုတ် ၎င်းတို့ကိုကာကွယ်မှု သဘော သဘာဝအလျောက် တရားရေးရာရင်ဆိုင်မှုတွင် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက် ၏ ပါဝင်မှု

၂၁.၉။ ဤစည်းမျဉ်းများနှင့်ပတ်သက်၍ လက်ရှိ သို့မဟုတ် အနာဂတ် ဥပဒေ၊ သို့မဟုတ် စည်းကမ်း သို့မဟုတ် တရားဝင်ညွှန်ကြားချက်အား ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ လိုက်နာမှု

၂၁.၁၀။ ကတ်ကိုင်ဆောင်သူ၏ကတ်နှင့်စပ်လျဉ်း၍ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ ပေးရမည့် အခွန်အခများ

၂၁.၁၁။ ဥပဒေ သို့မဟုတ် အခြေအနေများတွင် ပြောင်းလဲမှုတစ်ခုခုရှိပါက ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ငွေကြေးရှာဖွေမှုတွင် တိုးလာသော ကုန်ကျစရိတ်

၂၁.၁၂။ မည်သည့်ကုန်ကျစရိတ် (သို့မဟုတ်) အသုံးစရိတ် ၊ တရားရေးစရိတ်များအပါအဝင် ဤစာချုပ်ပါ စည်းကမ်းချက်များကို သင်၏ချိုးဖောက်မှုများကြောင့် ပေါ်ပေါက်လာသော ကုန်ကျစရိတ်များ (သို့မဟုတ်) စာချုပ်၏ အကျိုးသက်ရောက်မှုအတွက် ကုန်ကျစရိတ်စသည့် ကုန်ကျမှုများကို ကာမိစေရန်အတွက် သင့်ထံတွင် လျော်ကြေး တောင်းယူခြင်းဖြင့် ဖြည့်တင်းဆောင်ရွက်မည်ဖြစ်သည်။

## ၂၂။ ကြားခံအဖွဲ့အစည်းများ၏ အခွင့်အရေး

ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မှ ယင်းသို့တိတိကျကျ ဖော်ပြထားခြင်းမရှိလျှင် ဤသဘောတူစာချုပ်တွင် ပါဝင်သူမဟုတ်ပါက အဆိုပါပုဂ္ဂိုလ်သည် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## ၂၃။ စာရွက်စာတမ်းများ၏ ဝန်ဆောင်မှု

ဘဏ်တွင်ရရှိနိုင်သော အခြားဝန်ဆောင်မှုနည်းလမ်းအပြင် လူကိုယ်တိုင်သော်လည်းကောင်း အခြား တစ်နည်းနည်းဖြင့်သော်လည်းကောင်း ပေးပို့ရန်လိုအပ်သည့် တရားရုံးသို့မဟုတ် အမှုဆောင်ရွက်မှုရှိ စာရွက်စာ တမ်းတိုင်း ကို စာတိုက်ဖြင့် ကတ်ကိုင်ဆောင်သူထံသို့ပေးပို့ခြင်း၊ ဘဏ်၏ မှတ်တမ်းများရှိ နောက်ဆုံးသိထားသော လိပ်စာ ကို ပေးပို့ခြင်း တို့ပြုလုပ်နိုင်ပြီး စာရွက်စာတမ်း မရောက်ရှိဘဲ ပြန်ရောက်လာသော်လည်း ယင်းကဲ့သို့ လုပ်ဆောင် ပုံသည် ထိ ရောက်သော လူပုဂ္ဂိုလ်ဝန်ဆောင်မှုဟု မှတ်ယူသည်။

၂၃.၁။ လူကိုယ်တိုင်ပို့ပါက ပေးပို့သည့်အချိန် သို့မဟုတ် လိပ်စာမှထွက်ခွာသောအခါ

၂၃.၂။ မြန်မာနိုင်ငံအတွင်းရှိ လိပ်စာတစ်ခုသို့ စာတိုက်ဖြင့်ပို့ပါက ပေးပို့ပြီး လုပ်ငန်းရက် (၅) ရက်အတွင်း

## ၂၄။ အထွေထွေတည်ဆောက်မှုနှင့် အနက်ဖွင့်ဆိုချက်

ဘဏ်၏အယူအဆဖြင့် ကိစ္စတစ်ခုကိုဆုံးဖြတ်သောအခါ ဆုံးဖြတ်ချက်ကို ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့်သာပြုလုပ်သည်။

၂၄.၁။ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ လုပ်ဆောင်သောအခါ သို့မဟုတ် လုပ်ဆောင်ရန် ငြင်းပယ်သောအခါ ညွှန်ကြားချက် သို့မဟုတ် လုပ်ငန်းကိစ္စအပါအဝင် ကိစ္စရပ်တိုင်း တွင် ဥပဒေအရ တောင်းဆိုထားခြင်းမရှိပါက ဘဏ်၏ လုပ်ဆောင်မှု သို့မဟုတ် ငြင်းဆန်မှုတွက် အကြောင်းပြချက်ပေးရန် မလိုအပ်ပါ။

၂၄.၂။ အချိန်ကိုက်ခြင်း လုပ်ငန်းနေ့မဟုတ်သည့်နေ့ သို့မဟုတ် သတ်မှတ်ထားသော ရှင်းလင်း၊ ပိတ်သိမ်းမှု အချိန် နောက်ပိုင်းတွင် ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ညွှန်ကြားချက်တစ်ခုခု ရရှိပါက နောက်လာမည့် လုပ်ငန်းနေ့တွင် ညွှန်ကြားချက် ရရှိသည်ဟု မှတ်ယူနိုင်သည်။

၂၄.၃။ ခေါင်းစဉ်များနှင့် ခေါင်းစဉ်ခွဲများကို အဆင်ပြေမှုအတွက်သာလျှင် ထည့်သွင်းထားပြီး ဤသဘောတူ စာချုပ်ပါ အနက် ဖွင့်ဆိုချက် ကို သက်ရောက်မှုမရှိပါ။

## ၂၅။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၏ Website နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ် ဖြင့်ဖြစ်စေပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှုအမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏

ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်၏ မူပိုင်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ဘဏ်၏ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ် ဘဏ်မှစာဖြင့်ရေးသားထားသောကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆိုကြော်ငြာခြင်းမပြုရ။ ကတ်ကိုင်ဆောင်သူသည် ဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကို လည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၂၆။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှပြုလုပ်ခြင်းမရှိဘဲဧရာဝတီဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုတ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ကတ်ကိုင်ဆောင်သူက သိရှိသဘောတူပါသည်။ Website တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းစည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ကတ်ကိုင်ဆောင်သူတွင် တာဝန်အပြည့်အဝရှိပါသည်။ အပြောင်းအလဲတစ်ရပ် သို့မဟုတ် အပြောင်းအလဲများ ပြုလုပ်ပြီးနောက် မည်သည့် ဧရာဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ကတ်ဝန်ဆောင်မှု လုပ်ငန်းကိုမဆို အသုံးပြုခြင်းသည် အပြောင်းအလဲများ ဆောင်ရွက်ထားရှိပြီးဖြစ်သည့် စည်းကမ်းချက်များနှင့်သာ သက်ဆိုင်သည်။

## ၂၇။ လွှဲပြောင်းခြင်း

ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအရ ကတ်ကိုင်ဆောင်သူသည် ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ စာဖြင့်ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ၎င်း၏အခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ လွှဲပြောင်းတာဝန်ပေးအပ်ခြင်းမပြုရဘဲ၊ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များတွင်ပါဝင်သောမည်သည့် အစိတ်အပိုင်းကိုဖြစ်စေ ဖော်ဆောင်ရန် အတွက် မည်သည့်ထပ်ဆင့်စာချုပ်ကိုမဆို ချုပ်ဆိုခြင်းမပြုရ။

## ၂၈။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား တရားဥပဒေနှင့်ကိုက်ညီခြင်းမရှိသည့် မည်သည့် ရည်ရွယ်ချက်မျိုးအတွက်မဆို အသုံးပြုမည် မဟုတ်ပါကြောင်း ကတ်ကိုင်ဆောင်သူက ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အား အာမခံသည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ် ကို လိုက်နာရန် ကတ်ကိုင်ဆောင်သူမှ သဘောတူသည်ဖြစ်သည်။

## ၂၉။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့်မတူဘဲ သီးခြား သက်ဝင်မှုရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှုမရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှုမရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည် ဖြစ်သည်။

## ၃၀။ စွန့်လွှတ်ခြင်း

မည်သည့်အချိန်တွင်မဆိုဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များတွင်ဖော်ပြထားသည့်ပြဋ္ဌာန်းချက်(များ) အား အသက်ဝင်စေရန်အတွက် ဆောင်ရွက်ရန် မည်သည့်အဖွဲ့ကမဆို ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းသည် ထိုသို့သောအဖွဲ့က အခွင့်အရေးများအား စွန့်လွှတ်လိုက်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခြင်း မရှိစေရ။

## ၃၁။ သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းနှင့် စည်းကမ်းချက်များတွင် ပါဝင်သော မည်သည့်ပြဋ္ဌာန်းချက်မဆိုကြောင့် ဤစည်းမျဉ်းနှင့် စည်းကမ်းချက်များကို သဘောတူထားသည့်အဖွဲ့များက အလုပ်သမားနှင့်အလုပ်ရှင်၊ မိတ်ဖက်၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သူ၊ ဖက်စပ်လုပ်ငန်းများ၏ ဆက်ဆံရေးမျိုးကို ထူထောင်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ခြင်း မရှိစေရ။ အဖွဲ့များသည် သီးခြားလွတ်လပ်သော ကန်ထရိုက်တာများဖြစ်ပြီး မည်သည့်အဖွဲ့မဆိုသည် အခြားသော အဖွဲ့၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်ခြင်းများအတွက် တာဝန်မရှိစေရ။

## ၃၂။ လွှမ်းမိုးသော ဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

## ၃၃။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသောအဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်းဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်း သတ်မှတ်ချက်များကို သာလျှင် အမှန်ယူရမည်ဖြစ်သည်။